မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# jyewr;

အမှတ် ၂၉ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် ( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး ကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်)

**နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံ့ဝန်ထမ်းများ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေထိုင်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များတွင် အငှားအိမ်ရာများ တည်ဆောက်သွားရန် **"နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၂) | နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ဝန်/<br>ဆောက်လုပ်ရေးဝန်ကြီး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး<br>(နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမပါ) | အဖွဲ့ဝင် |
| (၃) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

( ခ ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံ့ဝန်ထမ်းများအတွက် အငှားအိမ်ရာများ ဆောက်လုပ်ရန် မြေနေရာရရှိရေးနှင့် မြေနေရာအား အတည်ပြုရွေးချယ်ခြင်း၊

(၂) ဒေသအလိုက် ဆောက်လုပ်မည့် အငှားအိမ်ရာပုံစံများ အတည်ပြုရွေးချယ်ခြင်း၊

(၃) အငှားအိမ်ရာများတွင် နိုင်ငံ့ဝန်ထမ်းများအား ခွင့်ပြုချထားနိုင်ရန် မူဝါဒချမှတ်ပေးခြင်း၊

(၄) အငှားအိမ်ရာများတွင် နေထိုင်ခွင့်ရရှိသော ဝန်ထမ်းများအနေဖြင့် လစဉ်ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေထိုင်ခွင့်ရရှိစေရန် ပေါင်းစပ်ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၅) မြေနေရာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ infrastructure များဖြစ်သည့် လမ်း၊ ရေ၊ မီးသွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်ရှိသည့်ကိစ္စရပ်များ တင်ပြဆောင်ရွက်သွားခြင်း၊

(၆) နေပြည်တော်ကောင်စီ၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များတွင် အငှားအိမ်ရာများ စဉ်ဆက်မပြတ် အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်းနှင့် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

**(ဂ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ဝန်/ ဆောက်လုပ်ရေးဝန်ကြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမပါ) | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဥက္ကဋ္ဌ တိုင်းဒေသကြီး/ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (၈) | ကိုယ်စားလှယ်တစ်ဦး ပုဂ္ဂလိကဘဏ် | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၀) | တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ဃ) နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် အငှားအိမ်ရာများဆောက်လုပ်ရန် သင့်လျော်ကောင်းမွန်သည့် မြေနေရာရရှိရေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ စနစ်တကျရွေးချယ်ပြီး ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၂) မိမိဒေသနှင့် ကိုက်ညီသော အိမ်ရာပုံစံများရေးဆွဲပြီး ဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက် ရယူခြင်း၊

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ငှားရမ်းနေထိုင်လိုသူ ဝန်ထမ်းအင်အား စာရင်းအား ပြုစု၍ ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၄) အငှားအိမ်ရာများတွင် နေထိုင်ခွင့်လျှောက်ထားလာသူ ဝန်ထမ်းများအား စိစစ်ခွင့်ပြုပေးခြင်း၊

(၅) အငှားအိမ်ရာများတွင် နေထိုင်ခွင့်ရရှိသူဝန်ထမ်းများ သက်သာသော နှုန်းထားဖြင့် အိမ်ခန်းငှားရမ်းနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၆) ဆောက်လုပ်မည့်ဝန်ထမ်းအငှားအိမ်ရာများတွင် infrastructure များဖြစ်ရန် လမ်း၊ ရေ၊ မီးသွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) အငှားအိမ်ရာများ အချိန်မီပြီးစီးရေး၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစေရေး ကြပ်မတ်စစ်ဆေးခြင်း။

၂။ လုပ်ငန်းကော်မတီသည် ဆပ်ကော်မတီများ ဖွဲ့စည်းရန်လိုအပ်ပါက ဦးစီးကော်မတီသို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့အား အောက်ပါအတိုင်းပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ<br>ညွှန်ကြားရေးမှူး (၁) ဦး | အဖွဲ့ဝင် |
| (ဂ) | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့်<br>ညွှန်ကြားရေးမှူး (၁) ဦး (ပြည်တွင်းအခွန်များဦးစီးဌာနနှင့်<br>အကောက်ခွန်ဦးစီးဌာနမပါ) | အဖွဲ့ဝင် |

၂။ ယခင်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆/၈၉ အရ ဖွဲ့စည်းထားသော အခွန်အယူခံခုံအဖွဲ့ကို ဤအမိန့်ကြော်ငြာစာဖြင့် ဖျက်သိမ်းလိုက်သည်။ ယင်းဖျက်သိမ်းလိုက်သည့်ခုံအဖွဲ့တွင် မပြီးပြတ်သေးသည့် အမှုအားလုံးကို ဤအမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းသော အခွန်အယူခံခုံအဖွဲ့သို့ လွှဲပြောင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၃။ အခွန်အယူခံခုံအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် ခုံအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည်။

၄။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များနှင့်ပုံစံများကို ထုတ်ပြန်နိုင်သည်။

၅။ ဤအမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းသောအခွန်အယူခံခုံအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ဤအမိန့်ကြော်ငြာစာ၏ **နောက်ဆက်တွဲ (က)** ပါအတိုင်း သတ်မှတ်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**နောက်ဆက်တွဲ (က)**

## အခွန်အယူခံခုံအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ

၁။ အခွန်အယူခံခုံအဖွဲ့သည် နောက်ဆက်တွဲဇယားတွင်ဖော်ပြထားသော အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ အခွန်အယူခံခုံအဖွဲ့သို့တင်သွင်းလာသော အယူခံအမှုများ၊ ပြင်ဆင်မှုများ၊ ပြန်လည်သုံးသပ်မှုများနှင့် လွှဲအပ်မှုများကို ဥပဒေနှင့်အညီ ကြားနာစစ်ဆေး အဆုံးအဖြတ်ပြုရန်ဖြစ်သည်။ လွှဲအပ်မှုများအတွက် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့်အချက်ရှိ-မရှိ ကြားနာစိစစ်လျက်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ တင်ပေးသင့်-မသင့် ဆုံးဖြတ်ရန်ဖြစ်သည်။

၂။ အခွန်အယူခံခုံအဖွဲ့နှင့် သက်ဆိုင်သော အခွန်အကောက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဝင်ငွေခွန်ဥပဒေ

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ

(ဂ) အထူးကုန်စည်ခွန်ဥပဒေ

(ဃ) နှစ်စဉ်ပြဋ္ဌာန်းသည့်ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာဥပဒေ

(င) ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ

(စ) ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ

(ဆ) အထက်ပါဥပဒေများအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်စသည်များ

၃။ အခွန်အယူခံခုံအဖွဲ့က ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်သောမှုခင်းများတွင် အမှုအကြောင်းအချက် (Question of Facts) နှင့်ပတ်သက်၍ အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးသတ် (Final) ဖြစ်သည်။

### တာဝန်ခန့်ခွဲဆောင်ရွက်ခြင်း

၄။ အမှုများကို သာမန်အားဖြင့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦးပါဝင်သော စုံညီအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ရမည်။ သို့ရာတွင် ဥက္ကဋ္ဌမတက်ရောက်နိုင်လျှင်သော်လည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦး မတက်ရောက်နိုင်လျှင်သော်လည်းကောင်း အနည်းဆုံးနှစ်ဦး ပါဝင်သောအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်နိုင်သည်။

၅။ ခုံအဖွဲ့ဥက္ကဋ္ဌမတက်ရောက်နိုင်လျှင် အဖွဲ့ဝင်နှစ်ဦးအနက် တစ်ဦးဦးကို ဥက္ကဋ္ဌအဖြစ်ရွေးချယ်၍ အနည်းဆုံး နှစ်ဦးပါဝင်သောအဖွဲ့ဖြင့်သာ ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။ သဘောကွဲလွဲမှုရှိလျှင် သုံးဦးစုံညီတက်ရောက်ဆုံးဖြတ်ရမည်။

### အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်များ

၆။ ခုံအဖွဲ့ဥက္ကဋ္ဌသည် ခုံအဖွဲ့၏အတွင်းရေးမှူးက တင်ပြလာသော မှုခင်းများအား ကြားနာစစ်ဆေးရန် အလို့ငှာ အဖွဲ့ဝင်များနှင့်ညှိနှိုင်း၍ ရက်ချိန်းသတ်မှတ်ရမည်။

၇။ ခုံအဖွဲ့ဥက္ကဋ္ဌသည် ကြားနာစစ်ဆေးပြီးသည့် မှုခင်းများအပေါ် အဆုံးအဖြတ်ပြုရန်ကိစ္စ၌ အဖွဲ့ဝင်များနှင့် အမှုအကြောင်းအချက်၊ ဥပဒေအချက်အလက်စသည်တို့ကို ဆွေးနွေးညှိနှိုင်း၍ အဆုံးအဖြတ်ပေးရမည်။

၈။ ခုံအဖွဲ့ဥက္ကဋ္ဌသည် ခုံအဖွဲ့ရုံးရှိမှုခင်းများအား ဆောလျင်စွာကြားနာစစ်ဆေးပြီးစီးရန်အတွက် အဖွဲ့ဝင်များနှင့်ညှိနှိုင်း၍ သင့်လျော်သောညွှန်ကြားမှုများကိုပြုနိုင်သည်။

၉။ အမှုတင်သွင်းသူက မိမိဆန္ဒအလျောက် အမှုရုပ်သိမ်းလိုကြောင်း ဥက္ကဋ္ဌထံတင်ပြလာပါက အမှုနေ့စဉ်မှတ်တမ်းတွင် မှတ်တမ်းတင်၍ ရုပ်သိမ်းခွင့်ပြုရမည်။ ရုပ်သိမ်းခွင့်ပြုပြီးသောအမှုအား ပြန်လည်ဖွင့်လှစ်ပေးရန်လျှောက်ထားခွင့်မပြုရ။

၁၀။ ခုံအဖွဲ့ဥက္ကဋ္ဌသည် ခုံအဖွဲ့ကြားနာနေစဉ်အတွင်း လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

## အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်များ၏တာဝန်များ

၁၁။ အခွန်အယူခံခုံအဖွဲ့ အဖွဲ့ဝင်များသည် ဥက္ကဋ္ဌမှ ညှိနှိုင်းလာသောမှုခင်းကြားနာစစ်ဆေးခြင်းနှင့် မှုခင်းစီရင်ဆုံးဖြတ်ခြင်းကိစ္စတို့၌ ပူးပေါင်းဆောင်ရွက်ရမည်။

## အခွန်အယူခံခုံအဖွဲ့ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏တာဝန်များ

၁၂။ ခုံအဖွဲ့အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ ကြားနာစစ်ဆေးမည့်အမှုတွဲများကို စိစစ်တင်ပြခြင်း၊

(ခ) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မှုခင်းများကြားနာစစ်ဆေးရာတွင် အဖွဲ့၏အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊

(ဂ) အဖွဲ့က ကြားနာစစ်ဆေးပြီးသည့်မှုခင်းများကို စီရင်ဆုံးဖြတ်ခြင်းပြုရာ၌ အထောက်အကူရစေရန်အတွက် အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ သက်ဆိုင်ရာမှုခင်းနှင့်ပတ်သက်သော မှုခင်း၊ မှုခင်းမှတ်စုများတင်ပြခြင်း၊

(ဃ) အခွန်အကောက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ ပြည့်စုံစွာဖြင့် အခွန်အယူခံခုံအဖွဲ့သို့ တင်သွင်းလာသည့်မှုခင်းလွှာများကို ခုံအဖွဲ့ဥက္ကဋ္ဌထံ ကြားနာစစ်ဆေးမည့်ရက်ချိန်း သတ်မှတ်ပေးနိုင်ရန်အတွက် တင်ပြခြင်း၊

(င) ခုံအဖွဲ့က မှုခင်းများကိုကြားနာစစ်ဆေးစီရင်ဆုံးဖြတ်မည့် ကိစ္စအဝဝအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊

## နောက်ဆက်တွဲဇယား

| စဉ် | အခွန်အကောက်ဆိုင်ရာဥပဒေများ | လုပ်ပိုင်ခွင့်နှင့်တာဝန်များ |
|---|---|---|
| ၁။ | ဝင်ငွေခွန်ဥပဒေ | ယင်းဥပဒေပုဒ်မ ၂၂၊ ၃၃၊ ၃၃-က၊ ၃၄၊ ၃၆၊ ၄၂၊ ၄၃၊ ၄၄၊ ၄၇၊ ၅၈ |
| ၂။ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ | ယင်းဥပဒေပုဒ်မ ၁၉၊ ၁၉-က |
| ၃။ | အထူးကုန်စည်ခွန်ဥပဒေ | ယင်းဥပဒေပုဒ်မ ၂၁၊ ၃၀၊ ၃၁ |
| ၄။ | ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ | ယင်းအက်ဥပဒေပုဒ်မ ၁၈၈၊ ယင်းအက်ဥပဒေပုဒ်မ ၁၉၁ အရ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ပြန်လည်သုံးသပ်ပိုင်ခွင့်နှင့် ယင်းက မိမိအလိုအလျောက် ပြင်ဆင်ပိုင်ခွင့်မှတစ်ပါး ကျန်ရှိသော ပြန်လည်သုံးသပ်ပိုင်ခွင့်နှင့် ပြင်ဆင်ပိုင်ခွင့်များအားလုံး။ |
| ၅။ | ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ | ယင်းအက်ဥပဒေပုဒ်မ ၉ တွင် ရည်ညွှန်းထားသောဇယားပါ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၈၊ ယင်းအက်ဥပဒေပုဒ်မ ၉ တွင် ရည်ညွှန်းထားသောဇယားပါ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉၁။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်)

၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု လွှတ်တော်ရုံး၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ် ဆောင်ရွက်စေလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်)

**တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏တာဝန်များအား ပြင်ဆင်သတ်မှတ်ခြင်း**

တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီကို ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၆) ဖြင့် ဖော်ပြထားသော ကော်မတီ၏တာဝန်များမှ အပိုဒ် ၅ ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

၅။ ကော်မတီသည် -

(က) တောင်သူလယ်သမားနှင့် အလုပ်သမားများဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(ဂ) စိုက်ပျိုးရေးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီ ဆောင်ရွက်ရမည်။

(ဃ) အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရမည်။

(င) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြ ရမည်။

(ဆ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲ ဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာ ဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြစာများကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၀၂၃/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်)

**လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ အမျိုးသားလွှတ်တော်၏ ရငွေ သုံးငွေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၀၄၂/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်)

အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြဋ္ဌာနကြီးမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်ထွန်း အား အမျိုးသားလွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်အမှတ် (၁၀/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

၁။ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး) ဒေါ်တင်တင်ဝါ (တ/၁၅၉၁) သည် ဒုတိယညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး) လုပ်ငန်းတာဝန်များ

ပူးတွဲထမ်းဆောင်စဉ် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့လာသော တိုင်ကြားစာတစ်စောင်အပေါ် ပြန်ကြားမည့် စာမူကြမ်းရေးသားတင်ပြရာတွင် ယင်းစာစဉ်အား မိမိလက်အောက်မှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ တင်ပြထားပါလျက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်မှ မိမိက ညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး) ထံ တင်ပြခဲ့သည့်အတွက် နှစ်လကျော်ကြာမြင့်ခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

၂။　သို့ဖြစ်ပါ၍ ဒေါ်တင်တင်ဝါ (တ/၁၅၉၁) အား နောင်တွင် တင်ပြစာများအပေါ် ဆောင်ရွက်ရာ၌ ကြန့်ကြာခြင်းမျိုးမဖြစ်ရေး ဂရုပြုဆောင်ရွက်ရန် သတိပေးလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့) ဦးသန်းအောင် (တ/၁၅၇၆) အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဦးသန်းအောင် အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် ၈၂/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငွေးဝင်း (တ/၁၇၅၂) အား ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှ စတင်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၂) အပိုဒ် (၆၂) အရ နှစ်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် ၁၁၁/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်ခင်နွဲ့နွဲ့ (တ/၂၂၄၂) အား ၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဒေါ်ခင်နွဲ့နွဲ့ အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် ၁၂၃/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးဝင်းနိုင် (တ/၂၅၁၇) အား ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်း ဖားကန့်မြို့နယ်တွင် ဖြစ်ပွားသော ပြစ်မှုဆိုင်ရာမှုခင်းများကို စစ်ဆေးရန် ဖားကန့်မြို့သို့ သွားရောက်ရုံးထိုင်ရန် ညွှန်ကြားလိုက်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆၆ ဖြင့် ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဦးအောင်နိုင်စိုး (တ/၂၄၂၅) အား ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်းရှိ ဖားကန့်မြို့နယ်တွင် ဖြစ်ပွားသော ပြစ်မှုဆိုင်ရာမှုခင်းများကို စစ်ဆေးရန် ဖားကန့်မြို့သို့ သွားရောက်ရုံးထိုင်ရန် ညွှန်ကြားထားသည့် အမိန့်ကြော်ငြာစာအား ပယ်ဖျက်လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် ၁၃၄/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်ခင်သန္တာ (တ/၂၄၈၅) အား ၎င်း၏ဆန္ဒပြုလျှောက်ထားချက်အရ မည်သည့်အခွင့်အရေး တစ်စုံတစ်ရာမျှ ရယူခြင်းမပြုဘဲ ၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် ၁၆၇/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ဦးစီးအရာရှိ ဒေါ်ခင်မြင့်လွင် (တ/၁၆၁၆) အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့် ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဒေါ်ခင်မြင့်လွင် အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် ၁၆၉/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဦးဘစံ (တ/၁၉၅၆) အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့် ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဦးဘစံ အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် ၁၇၀/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

ရှမ်းပြည်နယ်တရားလွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆွေ (တ/၁၈၆၇) အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့် ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဦးကျော်ဆွေ အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် ၁၇၁/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်)

ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဦးစောထွန်း (တ/၁၆၇၈) အား ၂၀၁၇ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့အထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့် ပြုလိုက်သည်။

ခွင့်ကုန်ဆုံးသောအခါ ဦးစောထွန်း အား နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂) အပိုဒ် ၅၇ အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

**ကိုယ်ရေးအရာရှိ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၆၉/၂၀၁၆ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၏ ကိုယ်ရေးအရာရှိအဖြစ် ခန့်အပ်ခဲ့သော ဦးဗျားရယ် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၂/ဒမဆ (နိုင်) ၀၄၃၇၁၀] သည် တာဝန်

ထမ်းဆောင်ရန် ဆန္ဒမရှိတော့ပါသဖြင့် နုတ်ထွက်ခွင့်ပြုပါရန် လျှောက်ထားလာပါသောကြောင့် ယင်း၏ ဆန္ဒအရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ညနေပိုင်းမှစ၍ နုတ်ထွက်ခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၇**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

**ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၇) ဖြင့် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သည့် ရခိုင်ပြည်နယ်၊ မောင်တော ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဝင်းထွန်း အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ လစာနှုန်းတူ လက်ထောက် ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးဖြင့် အလုပ်တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ရွေးကောက်ပွဲခုံအဖွဲ့ (၂)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် - ၃**

**ဦးကျော်ဇင်ဟိန်း**
အမှတ် (၁၃၂)၊ သခင်ကိုယ်တော်မှိုင်းလမ်း၊
မကျည်းတန်းရပ်ကွက်၊ ကော့မှူးမြို့နယ်၊　　　　လျှောက်ထားသူ
ရန်ကုန်တိုင်းဒေသကြီး။

နှင့်

**ဦးကျော်ဆွေဝင်း (ခ) ဦးအာလူး**
ကော့မှူးမြို့နယ်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရုံး　　　　လျှောက်ထားခံရသူ
ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်လွှာ

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် မဲဆန္ဒနယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ဦးကျော်ဆွေဝင်း (ခ) ဦးအာလူးအပေါ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (ခ) (ဂ) နှင့် နည်းဥပဒေ-၈၇ တို့အရ ကန့်ကွက်လွှာတင်သွင်းခြင်း။

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့စွဲဖြင့် MD - 011467 ငွေစာရင်းခေါင်းစဉ်သို့ ငွေ ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ) အား ပေးသွင်း၍ သတ်မှတ်ကာလအတွင်း ဥပဒေနှင့်အညီ ကန့်ကွက်လွှာကို အောက်ပါ အတိုင်း ရိုသေစွာတင်သွင်းအပ်ပါသည်။

**ကန့်ကွက်မှုဖြစ်စဉ်အကျဉ်း**

၁။ လျှောက်ထားသူသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ နေ့စွဲပါ ကြေညာချက်အမှတ် (၃/၂၀၁၇) အရ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကျော်ဆွေဝင်း (ခ) ဦးအာလူးက ခိုင်လုံမဲ (၁၈၀၂၈) ဖြင့် အနိုင်ရရှိခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်း လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါကြားဖြတ်ရွေးကောက်ပွဲတွင် မဲရရှိမှုအခြေအနေကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ ဦးကျော်ဆွေဝင်း (ခ) ဦးအာလူးသည် အောက်ပါအတိုင်း ရွေးကောက်ပွဲဥပဒေများကို ဖောက်ဖျက် လျက် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်၍ ဆန္ဒမဲအများဆုံးရရှိသွားခဲ့ခြင်း ဖြစ်ပါသည်။

၄။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်အစိုးရ တာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ် အဖြစ် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန် ထမ်းဆောင်နေသူ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တစ်နိုင်ငံလုံးသို့ မိန့်ခွန်းပြောကြားခဲ့ပါသည်။ မတ်လ ၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် မိန့်ခွန်း အပြည့်အစုံ ဖော်ပြခဲ့ပါသည်။ ယနေ့အချိန်အထိ ပါတီဆောင်ပုဒ်အသစ်ဖြစ်သော **"ပြည်သူနှင့်အတူ"** ဆောင်ပုဒ်အား နိုင်ငံပိုင်သတင်းစာမျက်နှာဖုံးတွင် ဖော်ပြလျက်ရှိပါသည်။

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅) ပုဒ်မ ၂၃၂ (မ) အရ **"ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှ စ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ"** ဟု ပြဋ္ဌာန်းပါရှိပါသည်။

၆။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ညပိုင်းတွင် နိုင်ငံပိုင် မြန်မာ့ရုပ်မြင်သံကြားမှ နိုင်ငံတစ်ဝန်းလုံးသို့ ပြောကြားသည့် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းတွင် **"ကျွန်မတို့ရွေးကောက်ပွဲ စည်းရုံးရေးကာလတုန်းက ပြည်သူလူထုကို ပြောခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပေးပါ။ ကျွန်မတို့ကိုယ်စားလှယ်တွေဟာ မဟုတ်မမှန်တာလုပ်လို့ရှိရင် ကျွန်မတို့ကိုယ်တိုင် တာဝန်ယူပြီးတော့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါ့မယ် ဆိုပြီးတော့ ကျွန်မတို့ကတိပေးခဲ့ပါတယ်။ ဒီကတိအတိုင်းလည်း ကျွန်မတို့ဆောင်ရွက်ခဲ့ပါတယ်။" "အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလို့ ပြောချင်လို့မဟုတ်ဘူး။ ကျွန်မတို့တာဝန်ယူပါတယ်ဆိုတာကို ပြောချင်တာ ဖြစ်ပါတယ်။" "ကျွန်မတို့အရင်နှစ်တုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံရဲ့တာဝန်ကို စပြီးတော့ ယူစဉ်တုန်းကဆိုလို့ရှိရင် ကျွန်မတို့ "ပြောင်းလဲချိန်တန်ပြီ" ဆိုတဲ့ ဆောင်ပုဒ်နဲ့ယူခဲ့ပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ အခုတစ်နှစ်ကြာပြီဆိုတော့ ဆောင်ပုဒ်ကိုလည်း ကျွန်မတို့နည်းနည်းပြောင်းပြီးတော့ သွားရရင်ကောင်းမယ်လို့ ကျွန်မထင်ပါတယ်။ အဲ့ဒီတော့ ကျွန်မစဉ်းစားပါတယ်။ ဘယ်လိုဆောင်ပုဒ်မျိုးနဲ့ ဆက်သွားရင်ကောင်းမလဲ ဆိုတော့ တိုတိုတုတ်တုတ်နဲ့ အဓိပ္ပာယ်ပေါ်လွင်အောင် "ပြည်သူနှင့်အတူ" လို့ ကျွန်မတို့ဆက်ပြီးတော့ ဒီခရီးလမ်းကို ပြည်သူနှင့်အတူ လျှောက်သွားချင်ပါတယ်"** ဟု ပြောကြားခဲ့ပါသည်။ ဤပြောကြားချက်များသည်

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များကို ဖောက်ဖျက် ကျူးလွန်ပြီး ပြည်သူအား မဲဆွယ်စည်းရုံးခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။

၇။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့သည် ရွေးကောက်ပွဲမကျင်းပမီ (၁) ရက်အလိုဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၇) ပါ ညွှန်ကြားချက်တွင် **"ရွေးကောက်ပွဲကော်မရှင်၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်အား ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ (၁) ရက်အလိုအထိ မဲဆွယ်စည်းရုံးခွင့်ရရှိမည်ဖြစ်သည်"** ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့သည် ယင်းပြဋ္ဌာန်းချက်အရ မဲဆွယ် စည်းရုံးခွင့်မရှိသောနေ့ ဖြစ်ပါသည်။

၈။ ထို့ပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပါတီနာယက ဦးတင်ဦးသည် အစိုးရသစ် (၁) နှစ်တာ ခရီးလမ်းအပေါ် သဘောထားအမြင် တင်ပြရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏အလံ၊ ရင်ထိုး တံဆိပ်များအား တပ်ဆင်၍ နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံကြားနှင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူသို့ တင်ပြခဲ့ပါသည်။

၉။ အလားတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်၏ အစိုးရသစ် (၁) နှစ်တာ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ပြောကြားချက်များအား ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်၍ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူသို့ တင်ပြခဲ့ပါသည်။ ယင်းသို့ တင်ပြရာတွင် အစိုးရတစ်ရပ်၏လုပ်ဆောင်မှုကို တင်ပြခြင်းမဟုတ်ဘဲ ၎င်းတို့ပါတီအတွက် အကျိုးပြု ပိုမိုယုံကြည်စေသော **"အခု ကျွန်တော်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ယူတဲ့ ဦးထင်ကျော်နဲ့ ဒေါ်အောင်ဆန်းစုကြည်က စပြီး အောက်ခြေတာဝန်ယူရတဲ့ ပုဂ္ဂိုလ်အားလုံးဟာ စေတနာအပြည့်ရှိတယ်။ စေတနာအပြည့်ရှိသော်လည်း လုပ်တာကိုင်တာ မှားယွင်းတာတချို့ရှိတယ်။ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဟာ ကိုယ်မှားယွင်းတာကို ပြင်ဖို့ ဝန်မလေးဘူး"** စသည်ဖြင့် ဖော်ပြခဲ့ပါသည်။

၁၀။ ယင်းကဲ့သို့ ပြောဆိုဖော်ပြမှုများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားလှယ်လောင်းများ အတွက် မဲဆွယ်ရာရောက်ပါသည်။ **"နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်အပိုဒ် ၆-၁ (ခ) အရ နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ဒေသန္တရအဆင့် (သို့မဟုတ်) အခြားသောနိုင်ငံတော်ပိုင် အရင်းအမြစ်များကို လူထုမဲဆွယ်စည်းရုံးရေးအတွက် အသုံးပြုခြင်း (သို့မဟုတ်) ဥပဒေအရ ခွင့်ပြုထားသည့် နိုင်ငံရေးလုပ်ငန်းများတွင် အခြားသူများအား မပါဝင်နိုင်စေရန် လုပ်ဆောင်ခြင်း"** ဟု ဖော်ပြပါရှိပါသဖြင့် **"နိုင်ငံတော်ပိုင် သတင်းစာများမှ ပုံနှိပ်ဖော်ပြခြင်းသည် ဤကျင့်ဝတ်ကို ဖောက်ဖျက်ကျူးလွန်ရာရောက်ပါသည်။"** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်အမှတ် (၁/၂၀၁၇) ပါ **"ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်နှင့် ရပ်နားထားရမည့် နေ့ရက်အချိန် အသိပေးထုတ်ပြန်ခြင်း"** စာပိုဒ် (၂) တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း (၆၀) (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက် ၀၆:၀၀ နာရီမှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ည ၁၂:၀၀ နာရီအထိ) ခွင့်ပြုပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီးသည်အထိ **"ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြော ခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပါသည်"** ဟူသော ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်နေကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

၁၁။ ယင်းသို့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ခေါင်းဆောင် များ၏ ဆောင်ရွက်ချက်များသည် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းများ၏ကျင့်ဝတ်များကို အတိအလင်း ချိုးဖောက်လျက် ရွေးကောက်ပွဲတွင် တစ်ဖက်သတ်အသာစီးရယူခဲ့မှုကြောင့် လျှောက်ထားသူ ရသင့် ရထိုက်သော ဆန္ဒမဲများ မဲရုံအသီးသီးတွင် မရရှိခဲ့သည့် အခြေအနေသို့ရောက်ရှိခဲ့ရပြီး လျှောက်ထားခံရသူ**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ကိုယ်စားလှယ်လောင်း ဦးကျော်ဆွေဝင်း (ခ) ဦးအာလူး အနိုင်ရရှိသွားခြင်းသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (ခ) အရ ရွေးကောက်တင်မြှောက်ခံရသောလွှတ်တော်ကိုယ်စားလှယ်၏အကျိုးငှာ တရားမဲ့ပြုကျင့်ရာ ရောက်သည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီခေါင်းဆောင်တို့၏ ရွေးကောက်ပွဲဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှုများကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၁ (ဂ) အရ တရားမျှတသောရွေးကောက်ပွဲမဟုတ်ကြောင်း ထင်ရှားပေါ်လွင်လျက်ရှိပါသည်။"**

၁၂။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် လိုက်နာရမည့် ကျင့်ဝတ်များကို ဖောက်ဖျက်ကျူးလွန်လျက် တရားမဲ့ပြုကျင့်မှုများပြုလုပ်၍ ရွေးကောက်ပွဲအနိုင်ရရှိသွားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးကျော်ဆွေဝင်း (ခ) ဦးအာလူး အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ပေးပြီး၊ ဦးကျော်ဆွေဝင်း (ခ) ဦးအာလူး ရရှိသောမဲများမပါရှိခဲ့သော် ခိုင်လုံသောမဲအများဆုံးရရှိနိုင်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း လျှောက်ထားသူ ဦးကျော်ဇင်ဟိန်း အား ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုကြေညာပေးပါရန် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်။

ဦးကျော်ဇင်ဟိန်း
လျှောက်ထားသူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် )

### ဖွံ့ဖြိုးတိုးတက်မှု ဇုန်အမျိုးအစားသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းဥပဒေ ပုဒ်မ ၇၅ (က) ပါ ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ ခွင့်ပြုရန်အလို့ငှာ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများကို ဇုန် (၁) အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးမှုအသင့်အတင့်ရှိသော ဒေသများကို ဇုန် (၂) အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးမှုရှိသောဒေသများကို ဇုန် (၃) အဖြစ်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

**(က) ဇုန် (၁) ဖွံ့ဖြိုးမှုနည်းပါးသောဒေသများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| ၁။ | **ကချင်ပြည်နယ်** | **မြစ်ကြီးနားခရိုင်** | (၁) | ချီဖွေမြို့နယ် |
| | | | (၂) | ဆော့လော်မြို့နယ် |
| | | | (၃) | အင်ဂျန်းယန်မြို့နယ် |
| | | | (၄) | တနိုင်းမြို့နယ် |
| | | **မိုးညှင်းခရိုင်** | (၅) | မိုးကောင်းမြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| | | **ဗန်းမော်ခရိုင်** | (၆) | ရွှေကူမြို့နယ် |
| | | | (၇) | မိုးမောက်မြို့နယ် |
| | | | (၈) | မန်စီမြို့နယ် |
| | | | (၉) | ဗန်းမော်မြို့နယ် |
| | | **ပူတာအိုခရိုင်** | (၁၀) | ပူတာအိုမြို့နယ် |
| | | | (၁၁) | နောင်မွန်းမြို့နယ် |
| | | | (၁၂) | မချမ်းဘောမြို့နယ် |
| | | | (၁၃) | ဆွမ်ပရာဘွမ်မြို့နယ် |
| | | | (၁၄) | ခေါင်လန်ဖူးမြို့နယ် |
| ၂။ | **ကယားပြည်နယ်** | **ဘောလခဲခရိုင်** | (၁) | ဘောလခဲမြို့နယ် |
| | | | (၂) | ဖားဆောင်းမြို့နယ် |
| | | | (၃) | မယ်စဲမြို့နယ် |
| | | **လွိုင်ကော်ခရိုင်** | (၄) | လွိုင်ကော်မြို့နယ် |
| | | | (၅) | ဒီးမော့ဆိုမြို့နယ် |
| | | | (၆) | ဖရူဆိုမြို့နယ် |
| | | | (၇) | ရှားတောမြို့နယ် |
| ၃။ | **ကရင်ပြည်နယ်** | **ဘားအံခရိုင်** | (၁) | ဘားအံမြို့နယ် |
| | | | (၂) | လှိုင်းဘွဲ့မြို့နယ် |
| | | | (၃) | ဖာပွန်မြို့နယ် |
| | | | (၄) | သံတောင်ကြီးမြို့နယ် |
| | | **ကော့ကရိတ်ခရိုင်** | (၅) | ကော့ကရိတ်မြို့နယ် |
| | | | (၆) | ကြာအင်းဆိပ်ကြီးမြို့နယ် |
| | | **မြဝတီခရိုင်** | (၇) | မြဝတီမြို့နယ် |
| ၄။ | **ချင်းပြည်နယ်** | **ဖလမ်းခရိုင်** | (၁) | ဖလမ်းမြို့နယ် |
| | | | (၂) | တီးတိန်မြို့နယ် |
| | | | (၃) | တွန်းဇံမြို့နယ် |
| | | **ဟားခါးခရိုင်** | (၄) | ဟားခါးမြို့နယ် |
| | | | (၅) | ထန်တလန်မြို့နယ် |
| | | **မင်းတပ်ခရိုင်** | (၆) | မင်းတပ်မြို့နယ် |
| | | | (၇) | မတူပီမြို့နယ် |
| | | | (၈) | ကန်ပက်လက်မြို့နယ် |
| | | | (၉) | ပလက်ဝမြို့နယ် |
| ၅။ | **စစ်ကိုင်းတိုင်းဒေသကြီး** | **စစ်ကိုင်းခရိုင်** | (၁) | မြင်းမူမြို့နယ် |
| | | | (၂) | မြောင်မြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| | | **ရွှေဘိုခရိုင်** | (၃) | ခင်ဦးမြို့နယ် |
| | | | (၄) | ဝက်လက်မြို့နယ် |
| | | | (၅) | ကန့်ဘလူမြို့နယ် |
| | | | (၆) | တန့်ဆည်မြို့နယ် |
| | | | (၇) | ရေဦးမြို့နယ် |
| | | | (၈) | ကျွန်းလှမြို့နယ် |
| | | | (၉) | ဒီပဲယင်းမြို့နယ် |
| | | **မုံရွာခရိုင်** | (၁၀) | ဘုတလင်မြို့နယ် |
| | | | (၁၁) | အရာတော်မြို့နယ် |
| | | | (၁၂) | ဆားလင်းကြီးမြို့နယ် |
| | | | (၁၃) | ပုလဲမြို့နယ် |
| | | | (၁၄) | ယင်းမာပင်မြို့နယ် |
| | | | (၁၅) | ကနီမြို့နယ် |
| | | | (၁၆) | ချောင်းဦးမြို့နယ် |
| | | **ခန္တီးခရိုင်** | (၁၇) | ခန္တီးမြို့နယ် |
| | | | (၁၈) | ဟုမ္မလင်းမြို့နယ် |
| | | | (၁၉) | လေရှီးမြို့နယ် |
| | | | (၂၀) | လဟယ်မြို့နယ် |
| | | | (၂၁) | နန်းယွန်းမြို့နယ် |
| | | **ကသာခရိုင်** | (၂၂) | ကသာမြို့နယ် |
| | | | (၂၃) | ကောလင်းမြို့နယ် |
| | | | (၂၄) | အင်းတော်မြို့နယ် |
| | | | (၂၅) | ဝန်းသိုမြို့နယ် |
| | | | (၂၆) | ပင်လည်ဘူးမြို့နယ် |
| | | | (၂၇) | ဗန်းမောက်မြို့နယ် |
| | | | (၂၈) | ထီးချိုင့်မြို့နယ် |
| | | **မော်လိုက်ခရိုင်** | (၂၉) | မော်လိုက်မြို့နယ် |
| | | | (၃၀) | ဖောင်းပြင်မြို့နယ် |
| | | **ကလေးခရိုင်** | (၃၁) | ကလေးမြို့နယ် |
| | | | (၃၂) | မင်းကင်းမြို့နယ် |
| | | | (၃၃) | ကလေးဝမြို့နယ် |
| | | **တမူးခရိုင်** | (၃၄) | တမူးမြို့နယ် |
| ၆။ | **တနင်္သာရီတိုင်းဒေသကြီး** | **ထားဝယ်ခရိုင်** | (၁) | သရက်ချောင်းမြို့နယ် |
| | | **မြိတ်ခရိုင်** | (၂) | ပုလောမြို့နယ် |
| | | | (၃) | တနင်္သာရီမြို့နယ် |
| | | | (၄) | ခမောက်ကြီးမြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| ၇။ | **ပဲခူးတိုင်းဒေသကြီး** | **ပဲခူးခရိုင်** | (၁) | ရွှေကျင်မြို့နယ် |
| | | **သာယာဝတီခရိုင်** | (၂) | မိုးညိုမြို့နယ် |
| | | **တောင်ငူခရိုင်** | (၃) | ထန်းတပင်မြို့နယ် |
| | | | (၄) | ကျောက်ကြီးမြို့နယ် |
| | | **ပြည်ခရိုင်** | (၅) | ပေါက်ခေါင်းမြို့နယ် |
| ၈။ | **မကွေးတိုင်းဒေသကြီး** | **မကွေးခရိုင်** | (၁) | ချောက်မြို့နယ် |
| | | | (၂) | မြို့သစ်မြို့နယ် |
| | | | (၃) | နတ်မောက်မြို့နယ် |
| | | **မင်းဘူးခရိုင်** | (၄) | စေတုတ္တရာမြို့နယ် |
| | | **သရက်ခရိုင်** | (၅) | ကံမမြို့နယ် |
| | | | (၆) | မင်းတုန်းမြို့နယ် |
| | | | (၇) | ဆင်ပေါင်ဝဲမြို့နယ် |
| | | **ပခုက္ကူခရိုင်** | (၈) | မြိုင်မြို့နယ် |
| | | | (၉) | ပေါက်မြို့နယ် |
| | | | (၁၀) | ဆိပ်ဖြူမြို့နယ် |
| | | **ဂန့်ဂေါခရိုင်** | (၁၁) | ဂန့်ဂေါမြို့နယ် |
| | | | (၁၂) | ထီးလင်းမြို့နယ် |
| | | | (၁၃) | ဆောမြို့နယ် |
| ၉။ | **မန္တလေးတိုင်းဒေသကြီး** | **မြင်းခြံခရိုင်** | (၁) | မြင်းခြံ (မြို့သာ) မြို့နယ် |
| | | | (၂) | ငါန်းဇွန်မြို့နယ် |
| ၁၀။ | **မွန်ပြည်နယ်** | **မော်လမြိုင်ခရိုင်** | (၁) | ချောင်းဆုံမြို့နယ် |
| | | | (၂) | ကျိုက်မရောမြို့နယ် |
| ၁၁။ | **ရခိုင်ပြည်နယ်** | **ကျောက်ဖြူခရိုင်** | (၁) | ကျောက်ဖြူမြို့နယ် |
| | | | (၂) | မာန်အောင်မြို့နယ် |
| | | | (၃) | ရမ်းဗြဲမြို့နယ် |
| | | | (၄) | အမ်းမြို့နယ် |
| | | **မောင်တောခရိုင်** | (၅) | မောင်တောမြို့နယ် |
| | | **ဘူးသီးတောင်ခရိုင်** | (၆) | ဘူးသီးတောင်မြို့နယ် |
| | | **စစ်တွေခရိုင်** | (၇) | စစ်တွေမြို့နယ် |
| | | | (၈) | ပုဏ္ဏားကျွန်းမြို့နယ် |
| | | | (၉) | မြောက်ဦးမြို့နယ် |
| | | | (၁၀) | ကျောက်တော်မြို့နယ် |
| | | | (၁၁) | မင်းပြားမြို့နယ် |
| | | | (၁၂) | မြေပုံမြို့နယ် |
| | | | (၁၃) | ပေါက်တောမြို့နယ် |
| | | | (၁၄) | ရသေ့တောင်မြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| | | **သံတွဲခရိုင်** | (၁၅) | သံတွဲမြို့နယ် |
| | | | (၁၆) | တောင်ကုတ်မြို့နယ် |
| | | | (၁၇) | ဂွမြို့နယ် |
| ၁၂။ | **ရှမ်းပြည်နယ်** | **တောင်ကြီးခရိုင်** | (၁) | ဟိုပုံးမြို့နယ် |
| | | | (၂) | ဆီဆိုင်မြို့နယ် |
| | | | (၃) | ပင်းတယမြို့နယ် |
| | | | (၄) | ရွာငံမြို့နယ် |
| | | | (၅) | ရပ်စောက်မြို့နယ် |
| | | | (၆) | ပင်လောင်းမြို့နယ် |
| | | | (၇) | ဖယ်ခုံမြို့နယ် |
| | | **လွိုင်လင်ခရိုင်** | (၈) | ကွန်ဟိန်းမြို့နယ် |
| | | | (၉) | ကျေးသီးမြို့နယ် |
| | | | (၁၀) | မိုင်းကိုင်မြို့နယ် |
| | | | (၁၁) | မိုင်းရှူးမြို့နယ် |
| | | **လင်းခေးခရိုင်** | (၁၂) | လင်းခေးမြို့နယ် |
| | | | (၁၃) | မိုးနဲမြို့နယ် |
| | | | (၁၄) | မောက်မယ်မြို့နယ် |
| | | | (၁၅) | မိုင်းပန်မြို့နယ် |
| | | **ကျိုင်းတုံခရိုင်** | (၁၆) | မိုင်းခတ်မြို့နယ် |
| | | | (၁၇) | မိုင်းယန်းမြို့နယ် |
| | | | (၁၈) | မိုင်းလားမြို့နယ် |
| | | **မိုင်းဆတ်ခရိုင်** | (၁၉) | မိုင်းဆတ်မြို့နယ် |
| | | | (၂၀) | မိုင်းတုံမြို့နယ် |
| | | | (၂၁) | မိုင်းပျဉ်းမြို့နယ် |
| | | **တာချီလိတ်ခရိုင်** | (၂၂) | တာချီလိတ်မြို့နယ် |
| | | **မိုင်းဖြတ်ခရိုင်** | (၂၃) | မိုင်းဖြတ်မြို့နယ် |
| | | | (၂၄) | မိုင်းယောင်းမြို့နယ် |
| | | **လားရှိုးခရိုင်** | (၂၆) | သိန္နီမြို့နယ် |
| | | | (၂၇) | မိုင်းရယ်မြို့နယ် |
| | | **မူဆယ်ခရိုင်** | (၂၈) | နမ့်ခမ်းမြို့နယ် |
| | | | (၂၉) | ကွတ်ခိုင်မြို့နယ် |
| | | **ကျောက်မဲခရိုင်** | (၃၀) | နမ္မတူမြို့နယ် |
| | | | (၃၁) | နမ့်ဆန်မြို့နယ် |
| | | | (၃၂) | မန်တုံမြို့နယ် |
| | | | (၃၃) | မိုးမိတ်မြို့နယ် |
| | | | (၃၄) | မဘိမ်းမြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| | | **လောက်ကိုင်ခရိုင်** | (၃၅) | လောက်ကိုင်မြို့နယ် |
| | | | (၃၆) | ကုန်းကြမ်းမြို့နယ် |
| | | **ဟိုပန်ခရိုင်** | (၃၇) | ဟိုပန်မြို့နယ် |
| | | | (၃၈) | မိုင်းမောမြို့နယ် |
| | | | (၃၉) | ပန်ဝိုင်မြို့နယ် |
| | | **မက်မန်းခရိုင်** | (၄၀) | မက်မန်းမြို့နယ် |
| | | | (၄၁) | နားဖန်မြို့နယ် |
| | | | (၄၂) | ပန်ဆန်းမြို့နယ် |
| ၁၃။ | **ဧရာဝတီတိုင်းဒေသကြီး** | **ပုသိမ်ခရိုင်** | (၁) | သာပေါင်းမြို့နယ် |
| | | | (၂) | ငပုတောမြို့နယ် |
| | | | (၃) | ပုသိမ်မြို့နယ် (ပုသိမ်မြို့နယ်အတွင်းရှိ |
| | | | | ရွှေသောင်ယံမြို့၊ ချောင်းသာမြို့၊ |
| | | | | ငွေဆောင်မြို့များသာ) |
| | | **ဟင်္သာတခရိုင်** | (၄) | မြန်အောင်မြို့နယ် |
| | | | (၅) | ကြံခင်းမြို့နယ် |
| | | | (၆) | အင်္ဂပူမြို့နယ် |
| | | | (၇) | လေးမျက်နှာမြို့နယ် |
| | | **လပွတ္တာခရိုင်** | (၈) | လပွတ္တာမြို့နယ် |
| | | | (၉) | မော်လမြိုင်ကျွန်းမြို့နယ် |
| | | **ဖျာပုံခရိုင်** | (၁၀) | ဘိုကလေးမြို့နယ် |

**(ခ) ဇုန် (၂)းဖွံ့ဖြိုးမှု အသင့်အတင့်ရှိသောဒေသများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| ၁။ | **ကချင်ပြည်နယ်** | **မြစ်ကြီးနားခရိုင်** | (၁) | မြစ်ကြီးနားမြို့နယ် |
| | | | (၂) | ဝိုင်းမော်မြို့နယ် |
| | | **မိုးညှင်းခရိုင်** | (၃) | မိုးညှင်းမြို့နယ် |
| | | | (၄) | ဖားကန့်မြို့နယ် |
| ၂။ | **စစ်ကိုင်းတိုင်းဒေသကြီး** | **စစ်ကိုင်းခရိုင်** | (၁) | စစ်ကိုင်းမြို့နယ် |
| | | **ရွှေဘိုခရိုင်** | (၂) | ရွှေဘိုမြို့နယ် |
| | | **မုံရွာခရိုင်** | (၃) | မုံရွာမြို့နယ် |
| ၃။ | **တနင်္သာရီတိုင်းဒေသကြီး** | **ထားဝယ်ခရိုင်** | (၁) | ထားဝယ်မြို့နယ် |
| | | | (၂) | ရေဖြူမြို့နယ် |
| | | | (၃) | လောင်းလုံးမြို့နယ် |
| | | **မြိတ်ခရိုင်** | (၄) | ကျွန်းစုမြို့နယ် |
| | | | (၅) | မြိတ်မြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | | မြို့နယ် |
|---|---|---|---|---|
| | | **ကော့သောင်းခရိုင်** | (၆) | ကော့သောင်းမြို့နယ် |
| | | | (၇) | ဘုတ်ပြင်းမြို့နယ် |
| ၄။ | **ပဲခူးတိုင်းဒေသကြီး** | **သာယာဝတီခရိုင်** | (၁) | သာယာဝတီမြို့နယ် |
| | | | (၂) | မင်းလှမြို့နယ် |
| | | | (၃) | လက်ပံတန်းမြို့နယ် |
| | | | (၄) | အုတ်ဖိုမြို့နယ် |
| | | | (၅) | ကြို့ပင်ကောက်မြို့နယ် |
| | | | (၆) | ဇီးကုန်းမြို့နယ် |
| | | | (၇) | နတ်တလင်းမြို့နယ် |
| | | **ပြည်ခရိုင်** | (၈) | ပြည်မြို့နယ် |
| | | | (၉) | ပန်းတောင်းမြို့နယ် |
| | | | (၁၀) | ပေါင်းတည်မြို့နယ် |
| | | | (၁၁) | ရွှေတောင်မြို့နယ် |
| | | | (၁၂) | သဲကုန်းမြို့နယ် |
| | | **တောင်ငူခရိုင်** | (၁၃) | တောင်ငူမြို့နယ် |
| | | | (၁၄) | ရေတာရှည်မြို့နယ် |
| | | | (၁၅) | အုတ်တွင်းမြို့နယ် |
| | | | (၁၆) | ဖြူးမြို့နယ် |
| | | **ပဲခူးခရိုင်** | (၁၇) | ကျောက်တံခါးမြို့နယ် |
| | | | (၁၈) | ဒိုက်ဦးမြို့နယ် |
| | | | (၁၉) | ညောင်လေးပင်မြို့နယ် |
| | | | (၂၀) | ပဲခူးမြို့နယ် |
| | | | (၂၁) | ကဝမြို့နယ် |
| | | | (၂၂) | သနပ်ပင်မြို့နယ် |
| | | | (၂၃) | ဝေါမြို့နယ် |
| ၉။ | **မကွေးတိုင်းဒေသကြီး** | **မကွေးခရိုင်** | (၁) | မကွေးမြို့နယ် |
| | | | (၂) | ရေနံချောင်းမြို့နယ် |
| | | | (၃) | တောင်တွင်းကြီးမြို့နယ် |
| | | **မင်းဘူးခရိုင်** | (၄) | မင်းဘူးမြို့နယ် |
| | | | (၅) | ပွင့်ဖြူမြို့နယ် |
| | | | (၆) | စလင်းမြို့နယ် |
| | | | (၇) | ငဖဲမြို့နယ် |
| | | **သရက်ခရိုင်** | (၈) | သရက်မြို့နယ် |
| | | | (၉) | မင်းလှမြို့နယ် |
| | | | (၁၀) | အောင်လံမြို့နယ် |
| | | **ပခုက္ကူခရိုင်** | (၁၁) | ပခုက္ကူမြို့နယ် |
| | | | (၁၂) | ရေစကြိုမြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | | မြို့နယ် |
|---|---|---|---|---|
| ၆။ | **မန္တလေးတိုင်းဒေသကြီး** | **မြင်းခြံခရိုင်** | (၁) | မြင်းခြံမြို့နယ် |
| | | | (၂) | နွားထိုးကြီးမြို့နယ် |
| | | | (၃) | ကျောက်ပန်းတောင်းမြို့နယ် |
| | | | (၄) | တောင်သာမြို့နယ် |
| | | **မိတ္ထီလာခရိုင်** | (၅) | မလှိုင်မြို့နယ် |
| | | | (၆) | သာစည်မြို့နယ် |
| | | **ကျောက်ဆည်ခရိုင်** | (၇) | ကျောက်ဆည်မြို့နယ် |
| | | | (၈) | တံတားဦးမြို့နယ် |
| | | **ပြင်ဦးလွင်ခရိုင်** | (၉) | ပြင်ဦးလွင်မြို့နယ် |
| | | | (၁၀) | သပိတ်ကျင်းမြို့နယ် |
| | | | (၁၁) | စဉ့်ကူးမြို့နယ် |
| | | | (၁၂) | မတ္တရာမြို့နယ် |
| | | | (၁၃) | မိုးကုတ်မြို့နယ် |
| ၇။ | **မွန်ပြည်နယ်** | **သထုံခရိုင်** | (၁) | သထုံမြို့နယ် |
| | | | (၂) | ကျိုက်ထိုမြို့နယ် |
| | | | (၃) | ပေါင်မြို့နယ် |
| | | | (၄) | ဘီးလင်းမြို့နယ် |
| | | **မော်လမြိုင်ခရိုင်** | (၅) | မော်လမြိုင်မြို့နယ် |
| | | | (၆) | သံဖြူဇရပ်မြို့နယ် |
| | | | (၇) | မုဒုံမြို့နယ် |
| | | | (၈) | ရေးမြို့နယ် |
| ၈။ | **ရန်ကုန်တိုင်းဒေသကြီး** | **တောင်ပိုင်းခရိုင်** | (၁) | ကျောက်တန်းမြို့နယ် |
| | | | (၂) | ဒလမြို့နယ် |
| | | | (၃) | ဆိပ်ကြီးခနောင်တိုမြို့နယ် |
| | | | (၄) | ကော့မှူးမြို့နယ် |
| | | | (၅) | ခရမ်းမြို့နယ် |
| | | | (၆) | ကွမ်းခြံကုန်းမြို့နယ် |
| | | | (၇) | သုံးခွမြို့နယ် |
| | | | (၈) | တွံတေးမြို့နယ် |
| | | | (၉) | ကိုကိုးကျွန်းမြို့နယ် |
| | | **မြောက်ပိုင်းခရိုင်** | (၁၀) | လှည်းကူးမြို့နယ် |
| | | | (၁၁) | တိုက်ကြီးမြို့နယ် |
| | | | (၁၂) | မှော်ဘီမြို့နယ် |
| | | **အရှေ့ပိုင်းခရိုင်** | (၁၃) | သန်လျင်မြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| ၉။ | **ရှမ်းပြည်နယ်** | **တောင်ကြီးခရိုင်** | (၁) | တောင်ကြီးမြို့နယ် |
| | | | (၂) | ကလောမြို့နယ် |
| | | | (၃) | ညောင်ရွှေမြို့နယ် |
| | | **လွိုင်လင်ခရိုင်** | (၄) | လွိုင်လင်မြို့နယ် |
| | | | (၅) | လဲချားမြို့နယ် |
| | | | (၆) | နမ့်စန်မြို့နယ် |
| | | **ကျိုင်းတုံခရိုင်** | (၇) | ကျိုင်းတုံမြို့နယ် |
| | | **လားရှိုးခရိုင်** | (၈) | လားရှိုးမြို့နယ် |
| | | | (၉) | တန့်ယန်းမြို့နယ် |
| | | **ကွမ်းလုံခရိုင်** | (၁၀) | ကွမ်းလုံမြို့နယ် |
| | | **မူဆယ်ခရိုင်** | (၁၁) | မူဆယ်မြို့နယ် |
| | | **ကျောက်မဲခရိုင်** | (၁၂) | ကျောက်မဲမြို့နယ် |
| | | | (၁၃) | သီပေါမြို့နယ် |
| | | | (၁၄) | နောင်ချိုမြို့နယ် |
| ၁၀။ | **ဧရာဝတီတိုင်းဒေသကြီး** | **ပုသိမ်ခရိုင်** | (၁) | ပုသိမ်မြို့နယ် (ပုသိမ်မြို့နယ်အတွင်းရှိ |
| | | | | ရွှေသောင်ယံမြို့၊ ချောင်းသာမြို့၊ |
| | | | | ငွေဆောင်မြို့များမှအပ) |
| | | | (၂) | ကန်ကြီးထောင့်မြို့နယ် |
| | | | (၃) | ရေကြည်မြို့နယ် |
| | | | (၄) | ကျောင်းကုန်းမြို့နယ် |
| | | | (၅) | ကျုံပျော်မြို့နယ် |
| | | **ဟင်္သာတခရိုင်** | (၆) | ဟင်္သာတမြို့နယ် |
| | | | (၇) | ဇလွန်မြို့နယ် |
| | | **မအူပင်ခရိုင်** | (၈) | မအူပင်မြို့နယ် |
| | | | (၉) | ပန်းတနော်မြို့နယ် |
| | | | (၁၀) | ညောင်တုန်းမြို့နယ် |
| | | | (၁၁) | ဓနုဖြူမြို့နယ် |
| | | **မြောင်းမြခရိုင်** | (၁၂) | မြောင်းမြမြို့နယ် |
| | | | (၁၃) | အိမ်မဲမြို့နယ် |
| | | | (၁၄) | ဝါးခယ်မမြို့နယ် |
| | | **ဖျာပုံခရိုင်** | (၁၅) | ဖျာပုံမြို့နယ် |
| | | | (၁၆) | ကျိုက်လတ်မြို့နယ် |
| | | | (၁၇) | ဒေးဒရဲမြို့နယ် |
| ၁၁။ | နေပြည်တော် | ဒက္ခိဏခရိုင် | (၁) | ဇမ္ဗူသီရိမြို့နယ် |
| | ပြည်ထောင်စုနယ်မြေ | | (၂) | ဒက္ခိဏသီရိမြို့နယ် |
| | | | (၃) | လယ်ဝေးမြို့နယ် |
| | | | (၄) | ပျဉ်းမနားမြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| | | ဥတ္တရခရိုင် | (၅) | ဥတ္တရသီရိမြို့နယ် |
| | | | (၆) | ဇေယျာသီရိမြို့နယ် |
| | | | (၇) | ပုဗ္ဗသီရိမြို့နယ် |
| | | | (၈) | တပ်ကုန်းမြို့နယ် |

## (ဂ) ဇုန် (၃)းဖွံ့ဖြိုးမှုရှိသောဒေသများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| ၁။ | **မန္တလေးတိုင်းဒေသကြီး** | **မန္တလေးခရိုင်** | (၁) | အောင်မြေသာစံမြို့နယ် |
| | | | (၂) | ချမ်းအေးသာစံမြို့နယ် |
| | | | (၃) | မဟာအောင်မြေမြို့နယ် |
| | | | (၄) | ချမ်းမြသာစည်မြို့နယ် |
| | | | (၅) | ပြည်ကြီးတံခွန်မြို့နယ် |
| | | | (၆) | အမရပူရမြို့နယ် |
| | | | (၇) | ပုသိမ်ကြီးမြို့နယ် |
| | | **ကျောက်ဆည်ခရိုင်** | (၈) | မြစ်သားမြို့နယ် |
| | | | (၉) | စဉ့်ကိုင်မြို့နယ် |
| | | **မိတ္ထီလာခရိုင်** | (၁၀) | မိတ္ထီလာမြို့နယ် |
| | | | (၁၁) | ဝမ်းတွင်းမြို့နယ် |
| | | **ညောင်ဦးခရိုင်** | (၁၂) | ညောင်ဦးမြို့နယ် |
| | | **ရမည်းသင်းခရိုင်** | (၁၃) | ရမည်းသင်းမြို့နယ် |
| | | | (၁၄) | ပျော်ဘွယ်မြို့နယ် |
| ၂။ | **ရန်ကုန်တိုင်းဒေသကြီး** | **အရှေ့ပိုင်းခရိုင်** | (၁) | ဗိုလ်တထောင်မြို့နယ် |
| | | | (၂) | မြောက်ဥက္ကလာပမြို့နယ် |
| | | | (၃) | ပုဇွန်တောင်မြို့နယ် |
| | | | (၄) | တောင်ဥက္ကလာပမြို့နယ် |
| | | | (၅) | သင်္ဃန်းကျွန်းမြို့နယ် |
| | | | (၆) | ရန်ကင်းမြို့နယ် |
| | | | (၇) | ဒေါပုံမြို့နယ် |
| | | | (၈) | မင်္ဂလာတောင်ညွန့်မြို့နယ် |
| | | | (၉) | တာမွေမြို့နယ် |
| | | | (၁၀) | သာကေတမြို့နယ် |
| | | | (၁၁) | ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် |
| | | | (၁၂) | ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် |

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင်အမည် | မြို့နယ် | |
|---|---|---|---|---|
| | | | (၁၃) | ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် |
| | | | (၁၄) | မင်္ဂလာဒုံမြို့နယ် |
| | | | (၁၅) | ရွှေပြည်သာမြို့နယ် |
| | | | (၁၆) | လှိုင်သာယာမြို့နယ် |
| | | | (၁၇) | ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် |
| | | **မြောက်ပိုင်းခရိုင်** | (၁၈) | အင်းစိန်မြို့နယ် |
| | | | (၁၉) | ထန်းတပင်မြို့နယ် |
| | | **အနောက်ပိုင်းခရိုင်** | (၂၀) | လှိုင်မြို့နယ် |
| | | | (၂၁) | ကမာရွတ်မြို့နယ် |
| | | | (၂၂) | မရမ်းကုန်းမြို့နယ် |
| | | | (၂၃) | အလုံမြို့နယ် |
| | | | (၂၄) | ဗဟန်းမြို့နယ် |
| | | | (၂၅) | ဒဂုံမြို့နယ် |
| | | | (၂၆) | ကျောက်တံတားမြို့နယ် |
| | | | (၂၇) | ကြည့်မြင်တိုင်မြို့နယ် |
| | | | (၂၈) | လမ်းမတော်မြို့နယ် |
| | | | (၂၉) | လသာမြို့နယ် |
| | | | (၃၀) | ပန်းဘဲတန်းမြို့နယ် |
| | | | (၃၁) | စမ်းချောင်းမြို့နယ် |
| | | | (၃၂) | ဆိပ်ကမ်းမြို့နယ် |

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အပိုဒ် (၁) ပါ ဇုန်အမျိုးအစားများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုအပ်ချက်အပေါ် မူတည်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သလို ပြောင်းလဲသတ်မှတ်မည်ဖြစ်ပါသည်။

ကျော်ဝင်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်)

အမှတ် ၁၄၇/၂၀၁၇ ။ ။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယု အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၁၄၉/၂၀၁၇ ။ ။ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ထူး အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်)

**တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ယာယီတာဝန်ဖြင့် ပြည်ပသို့သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာပါသဖြင့် ပြည်ထောင်စုဝန်ကြီး၏ တာဝန်ဝတ္တရားများကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် က ၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ နံနက်ပိုင်းတွင် ပြန်လည်လွှဲပြောင်းပေး၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ က လက်ခံဆောင်ရွက်ပါသည်။

| (လွှဲပြောင်းပေးသူ) | (လွှဲပြောင်းလက်ခံသူ) |
|---|---|
| ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ |
| ပြည်ထောင်စုဝန်ကြီး | ပြည်ထောင်စုဝန်ကြီး |
| နယ်စပ်ရေးရာဝန်ကြီးဌာန | ပြည်ထဲရေးဝန်ကြီးဌာန |
| (၈-၄-၂၀၁၇) | (၈-၄-၂၀၁၇) |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်)

အမှတ် ၃၁ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်မှ စာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုံနှိပ်ထုတ်ဝေရန် စာမူကောင်းများရရှိရေးအတွက် စာပေဗိမာန်စာပေဆုပြိုင်ပွဲဝင် စာမူများကို စိစစ်ရွေးချယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်များအတွက် (၂) နှစ် သက်တမ်းရှိသော **"စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့"** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| ၁။ | ဦးကျော်ဝင်း (မနုဿကျော်ဝင်း) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ချိုချိုတင် (မစန္ဒာ) | အဖွဲ့ဝင် |
| ၃။ | ဒေါက်တာအေးကျော် (ဆေးသုတေသန) | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၄။ | ဦးစိန်လှိုင် (သူရဇော်) | အဖွဲ့ဝင် |
| ၅။ | ဦးညွန့်ဟံ (ညွန့်ဟံ-ကြူတော) | အဖွဲ့ဝင် |
| ၆။ | ဦးဝင်းငြိမ်း (ဝင်းငြိမ်း) | အဖွဲ့ဝင် |
| ၇။ | ဒေါ်သန်းသန်း (ရွှေသဥ္စာ) | အဖွဲ့ဝင် |
| ၈။ | ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း) | အဖွဲ့ဝင် |
| ၉။ | ဒေါက်တာတင်တင်ဝင်း (ဂျူး) | အဖွဲ့ဝင် |
| ၁၀။ | ဦးမောင်လှိုင် (မောင်ဆွေငယ်) | အဖွဲ့ဝင် |
| ၁၁။ | ဦးမျိုးအောင် (မျိုးအောင်-ရက္ခဗေဒ) | အဖွဲ့ဝင် |
| ၁၂။ | ဦးမြင့်ထွန်း (ဆုပြည့်စုံထွန်းစာပေတိုက်) | အဖွဲ့ဝင် |
| ၁၃။ | ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) | အဖွဲ့ဝင် |
| ၁၄။ | ဒေါက်တာတင်မောင်ထွေး (ဒေါက်ထွေး၊ ဆေး/မန်း) | အဖွဲ့ဝင် |
| ၁၅။ | ဦးမျိုးအောင် (ငြိမ်းမင်း) | အဖွဲ့ဝင် |
| ၁၆။ | ဦးသိမ်းစိုး (သီဟရတနာစာပေတိုက်) | အဖွဲ့ဝင် |
| ၁၇။ | ဒေါက်တာစိုးနိုင် | အဖွဲ့ဝင် |
| ၁၈။ | ဦးမောင်မောင်ဦး (ဟိန်းလတ်) | အဖွဲ့ဝင် |
| ၁၉။ | ဦးသန်းအုန်း (မောင်ဇေယျာ) | အဖွဲ့ဝင် |
| ၂၀။ | ဦးစိန်ဝင်း (မောင်စိန်ဝင်း-ပုတီးကုန်း) | အဖွဲ့ဝင် |
| ၂၁။ | ဦးတင့်ခိုင် (တင့်ခိုင်) | အဖွဲ့ဝင် |
| ၂၂။ | ဦးကျော်ဦး (ပါရမီစာပေတိုက်) | အဖွဲ့ဝင် |
| ၂၃။ | ဦးနေမျိုးနိုင် (နေမျိုးနိုင်) | အဖွဲ့ဝင် |
| ၂၄။ | ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်) | အဖွဲ့ဝင် |
| ၂၅။ | ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး) | အဖွဲ့ဝင် |
| ၂၆။ | ဦးမောင်မောင်ဦး (သန်လျင်မောင်မောင်ဦး) | အဖွဲ့ဝင် |
| ၂၇။ | ဒေါက်တာမြင့်သန်း (ညောင်လေးပင်) | အဖွဲ့ဝင် |
| ၂၈။ | ဒေါ်မြမြသန်း (မနှင်းဖွေး) | အတွင်းရေးမှူး |

**(ဝန်ကြီးရုံး)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

အမှတ် ၄၁ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင်ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇)၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး (သတင်း) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးစိုးမြင့် အား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၇၀၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့အထိ ငြင်းပယ်လိုက်သည်။

အမှတ် ၄၂ ။ ။ အဆိုပါငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၄၃ ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင်ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး (အသံလွှင့်) လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒေါ်ဆန်းဆန်းဦး အား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၇၀၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့အထိ ငြင်းပယ်လိုက်သည်။

အမှတ် ၄၄ ။ ။ အဆိုပါငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၄၅ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉) နှင့် The Global New Light of Myanmar စာမျက်နှာ (၆) တို့တွင် ဖော်ပြပါရှိသည့် "ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြန်လည်တည်ဆောက်ရေး အကြံညှိနှိုင်းအစည်းအဝေးပြုလုပ်" သတင်းတွင် ဦးလှရွှေ (ခ) ဦးအောင်သာ (ပီသုံးလုံး) မှာ တက်ရောက်ခဲ့ခြင်းမရှိသည်ကို "တက်ရောက်သည်" ဟု မှားယွင်းရေးသား ဖော်ပြမှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇) ဆုံးဖြတ်ချက်အရ တာဝန်ရှိသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်အား နောင်အလားတူကိစ္စရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) နှင့် နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ (က) တို့အရ **"စာဖြင့်သတိပေးခြင်း"** ပြစ်ဒဏ်ချမှတ်လိုက်သည် -

ဦးကျော်စိုး
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

အမှတ် ၄၆ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉) နှင့် The Global New Light of Myanmar စာမျက်နှာ (၆) တို့တွင် ဖော်ပြပါရှိသည့် "ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြန်လည်တည်ဆောက်ရေး အကြံညှိနှိုင်းအစည်းအဝေးပြုလုပ်" သတင်းတွင် ဦးလှရွှေ (ခ) ဦးအောင်သာ (ပီသုံးလုံး) မှာ တက်ရောက်ခဲ့ခြင်းမရှိသည်ကို "တက်ရောက်သည်" ဟု မှားယွင်းရေးသား ဖော်ပြမှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၇) ဆုံးဖြတ်ချက်အရ တာဝန်ရှိသည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား နောင်အလားတူကိစ္စရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (က) နှင့် နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ (က) တို့အရ **"စာဖြင့်သတိပေးခြင်း"** ပြစ်ဒဏ်ချမှတ်လိုက်သည် -

(က) ဦးသက်ဆွေ
ညွှန်ကြားရေးမှူး (သတင်း)
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(ခ) ဦးမြင့်ဝေ
စာတည်းမှူးချုပ်
မြန်မာ့အလင်းပုံနှိပ်တိုက်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(ဂ) ဦးခင်မောင်ထွေး
စာတည်း
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

**မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO) ၏ ကွန်ဗင်းရှင်းတစ်ခုဖြစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၁)/၁၄/သမ္မတရုံး အရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား မြှင့်တင်နိုင်ရေး၊ ထိန်းသိမ်းနိုင်ရေးနှင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တိုးတက်မြှင့်တင်ရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | |
|---|---|
| (က) ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်က<br>အမည်စာရင်းပေးသူ ဝန်ကြီး (၁) ဦးစီ<br>(ယဉ်ကျေးမှုဆိုင်ရာ စိတ်ဝင်စားသူ၊ အတွေ့အကြုံရှိပြီး<br>ICH ကို လေ့လာဖူးသူ၊ တက်တက်ကြွကြွ ဆောင်ရွက်လိုသူ) | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဍ) | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာတိုးလှ<br>ဒုတိယဥက္ကဋ္ဌ (၂)၊ မြန်မာသမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ဒေါက်တာမြင့်ကြည်<br>အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဒ) | ဒုတိယအမြဲတမ်းအတွင်းဝန် (ယဉ်ကျေးမှု)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၃။ **လုပ်ငန်းတာဝန်များ။** မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် တိုးတက်မြှင့်တင်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမျိုးသားရေးမူဝါဒတစ်ရပ် ရေးဆွဲချမှတ်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံရှိ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စာရင်းပြုစုရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းအစိုးရနှင့် ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသားအဆင့် တင်သွင်းခြင်း ဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) အမျိုးသားအမွေအနှစ်အဆင့်မှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေး Nomination Dossier ရေးသားဆောင်ရွက်ရေး ကြီးကြပ်ရန်နှင့် Periodic Reporting ကို သတ်မှတ်ချိန်တွင် တင်သွင်းရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(င) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများကို ပြည်သူများအား အသိပညာပေးခြင်း၊ ပြပွဲမြှင့်တင်ပွဲများ ကျင်းပပြုလုပ်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံ ဒြပ်မဲ့ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအား နိုင်ငံတကာနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဆ) မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးမြှင့်တင်ခြင်းလုပ်ငန်းများ ရေရှည် တည်တံ့ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေများ ထည့်သွင်းတောင်းခံ ဆောင်ရွက်သွားရန်၊

(ဇ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ရေးဆွဲပြုစုဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ခြင်းလုပ်ငန်းများ ရေရှည်တည်တံ့ဆောင်ရွက်နိုင်ရေး စီမံချက်ရေးဆွဲထားရှိရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ည) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကာလတို/ကာလရှည် လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းကော်မတီကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၇

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၃ ရက်)

### လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၂၁ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဦးဆောင်အဖွဲ့၏ ၂၀၁၆ ခုနှစ်၊

ဇူလိုင်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်မြင့်<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | ဦးခင်ဇော်ဦး<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဥက္ကဋ္ဌ<br>ဗဟိုသမဝါယမအသင်း | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | အဖွဲ့ဝင် |

(တ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(ထ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

(ဒ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံပဲနှမ်းကုန်သည်များအသင်း

(ဓ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း

(န) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

(ပ) လက်ထောက်အတွင်းဝန် — အဖွဲ့ဝင်
ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့်ဘဏ္ဍာရေးဌာနခွဲ
ဝန်ကြီးရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဖ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ငွေစာရင်းဌာနခွဲ
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) စိုက်ပျိုးထုတ်လုပ်သည့် ဒေသအတွင်း အရောင်းအဝယ်ဖြစ်ပေါ်နေသော လယ်ယာထုတ်ကုန်၏ ဈေးနှုန်းသည်ထုတ်လုပ်မှုကုန်ကျစရိတ်အောက်နိမ့်ကျနေခြင်း ရှိ၊ မရှိ စဉ်ဆက်မပြတ်စိစစ်ခြင်း။

(ခ) တောင်သူလယ်သမားများအား လက်လီ၊ လက်ကားဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း။

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့များက သက်ဆိုင်ရာဒေသအတွင်း လယ်ယာထုတ်ကုန်များဝယ်ယူရန်လိုအပ်ကြောင်း တင်ပြလာပါက စိစစ်သုံးသပ်၍ ဦးဆောင်အဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

(ဃ) အကယ်၍ ဦးဆောင်အဖွဲ့မှ သီးနှံတစ်မျိုးမျိုးအား ဝယ်ယူရန် ဆုံးဖြတ်ညွှန်ကြားလာပါက ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစား၊ ဝယ်ယူမည့် အစီအစဉ်နှင့် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ကျခံသုံးစွဲရမည့် လိုအပ်သော ငွေပမာဏတို့ကို တွက်ချက်ရေးဆွဲ၍ ဦးဆောင်အဖွဲ့သို့ တင်ပြခြင်း။

(င) လယ်ယာထုတ်ကုန်များကို ဝယ်ယူရန်လိုအပ်ကြောင်း ဦးဆောင်အဖွဲ့မှ ဆုံးဖြတ်ညွှန်ကြားလာပါက တင်ဒါစနစ်အပါအဝင် အခြားသင့်လျော်သော နည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေးအတွက် ဦးဆောင်အဖွဲ့သို့ တင်ပြခြင်း။

(စ) ဝယ်ယူရရှိသည့် လယ်ယာထုတ်ကုန်များ၏ အရည်အသွေးလျော့နည်းမှု မဖြစ်ပေါ်နိုင်စေရေး အတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

(ဆ) လယ်ယာထုတ်ကုန် သီးနှံသဘာဝအရ သိုလှောင်မှုအချိန်ကာလအပေါ် မူတည်၍ လယ်ယာ ထုတ်ကုန်များ အရေအတွက် လျော့ပါးဆုံးရှုံးနိုင်မှု ကင်းဝေးစေရေးအလို့ငှာ စနစ်တကျ စီမံ ခန့်ခွဲခြင်း။

(ဇ) လယ်ယာထုတ်ကုန် အာမခံထားရှိရေးစနစ် ပေါ်ထွန်းလာရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ လယ်ယာကဏ္ဍစီးပွားရေးအသင်းအဖွဲ့များ၊ အထူးပြုကုမ္ပဏီများ၊ မူလစိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမား အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

(ဈ) သက်ဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအတွင်း လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်း၊ ဈေးကွက်ရရှိရေးအတွက် ဝယ်ယူရောင်းချခြင်းအပါအဝင် ဆက်စပ်သောလုပ်ငန်းများကို သက်ဆိုင်ရာပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ည) လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်မှုနှင့် ဖြစ်ပေါ်လာမည့် အရောင်းအဝယ်အရှုံး၊ အမြတ်စာရင်းဇယားကို လုပ်ငန်းဆောင်ရွက်ပြီးနောက် သတ်မှတ်ကာလအတွင်း အချက်အလက်ပြည့်စုံစွာဖြင့် ဦးဆောင်အဖွဲ့သို့ တင်ပြခြင်း။

(ဋ) လုပ်ငန်းဆောင်ရွက်မှု အခြေအနေအပြည့်အစုံကို သုံးလပတ် အစီရင်ခံစာနှင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် မတ်လ (၃၁) ရက်နေ့အထိ နှစ်ချုပ်အစီရင်ခံစာတို့ကို ဦးဆောင်အဖွဲ့သို့ တင်ပြခြင်း။

(ဌ) ဦးဆောင်အဖွဲ့က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

အမိန့်အရ

ဒေါက်တာအောင်သူ၊
(အတွင်းရေးမှူး)၊
ပြည်ထောင်စုဝန်ကြီး၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

**မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီသည် ကွန်ပျူတာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တွင် အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရန် လိုအပ်ပါ၍ ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ အခန်း (၆)၊ အပိုဒ် (၁၈) အရ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(၁) ဦးခွန်ဦး — ဥက္ကဋ္ဌ
နာယက၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၂) ဦးမင်းဇေယျာလှိုင် — ဒုတိယဥက္ကဋ္ဌ (၁)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၃) ဦးရဲရင့်ဝင်း — ဒုတိယဥက္ကဋ္ဌ (၂)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

(၄) ဒေါ်သန်းသန်းတင့် — ဒုတိယဥက္ကဋ္ဌ (၃)
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

| | | |
|---|---|---|
| (၅) | ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်း<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | ဒုတိယဥက္ကဋ္ဌ (၄) |
| (၆) | ဦးသောင်းစုငြိမ်း<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | အဖွဲ့ဝင် |
| (၇) | ဦးထင်အောင်ခိုင်<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (၈) | ဦးထွန်းခိုင်<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | အဖွဲ့ဝင် |
| (၉) | ဦးငြိမ်းဦး<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | အဖွဲ့ဝင် |
| (၁၀) | ဦးမျိုးမြင့်ထွန်း<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (၁၁) | ဦးအောင်စိုးသာ<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (၁၂) | ဦးမင်းဦး<br>အတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | အဖွဲ့ဝင် |
| (၁၃) | ဦးခိုင်ဝင်း<br>အတွင်းရေးမှူး၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (၁၄) | ဦးလှကောင်း<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | အဖွဲ့ဝင် |
| (၁၅) | ဒေါ်ခင်အေးဝင်း<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | အဖွဲ့ဝင် |
| (၁၆) | ဦးနေလင်းသန်း<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | အဖွဲ့ဝင် |
| (၁၇) | ဦးအောင်အောင်<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း | အဖွဲ့ဝင် |
| (၁၈) | ဦးမျိုးနိုင်<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (၁၉) | ဦးသိန်းထွန်းဖေ<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (၂၀) | ဦးရဲမြတ်သူ<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (၂၁) | ဦးမိုးထက်ကျော်<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (၂၂) | ဦးအောင်မျိုးထွန်း<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အဖွဲ့ဝင် |
| (၂၃) | ဦးဇော်မင်းဦး<br>အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း | အထွေထွေ<br>အတွင်းရေးမှူး |

(၂၄) ဦးထွန်းသူရသက် — တွဲဖက်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း — အတွင်းရေးမှူး (၁)

(၂၅) ဒေါ်ချောခင်ခင် — တွဲဖက်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း — အတွင်းရေးမှူး (၂)

(၂၆) ဒေါ်အေးအေးသင်း — တွဲဖက်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း — အတွင်းရေးမှူး (၃)

(၂၇) ဦးအောင်ကျော်မိုး — ဘဏ္ဍာရေးမှူး
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၂၈) ဦးမြင့်သူ — စာရင်းစစ်
အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၂၁၄/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ စီးပွားရေးစီမံရေးဌာနခွဲမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူဝင်း အား ၎င်း၏ လျှောက်ထားချက်အရ မည်သည့် အခွင့်အရေးမျှ ခံစားခွင့်မပြုဘဲ အလုပ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာ (၂၄၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ အင်ဂျင်နီယာမှူး ဦးမွန်းအောင်ဇေ အား ၎င်း၏ဆန္ဒအလျောက် မည်သည့်အခွင့်အရေးမျှ ခံစားခွင့်မပြုဘဲ ၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစ၍ အလုပ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာ (၃၀၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-

၃၆၀,၀၀၀) တန်း၊ လက်ထောက်အတွင်းဝန် ဦးစန်းယု အား ၎င်း၏ဆန္ဒအရ မည်သည့်အခွင့်အရေးမှ ခံစားခွင့်မယူဘဲ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်တာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၃၈၃/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ မန်နေဂျာ (အင်ဂျင်နီယာ) ဒေါက်တာအေးစန္ဒာမျိုး အား ၎င်း၏ဆန္ဒအရ မည်သည့် အခွင့်အရေးမှ ခံစားခွင့်မယူဘဲ လုပ်ငန်းတာဝန်ဝတ္တရားများကို စွန့်လွှတ်သည့်နေ့ရက်မှစ၍ အလုပ်တာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၂၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဒေါ်အေးအေးမြင့် အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) တန်း၊ အထွေထွေမန်နေဂျာ (ဘဏ္ဍာ) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ တိုးမြှင့်လျက် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၂၉/၂၀၁၇)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့မှ အောက်ဖော်ပြပါ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) အရာထမ်း (၂) ဦးအား ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြပါ နေရာများသို့ လက်ရှိရာထူး၊ လစာနှုန်းအဆင့်ဖြင့်ပင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည် | လက်ရှိ ရာထူး/ဌာန | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး/ဌာန |
|---|---|---|---|
| (၁) | ဒေါ်အေးအေးမွန် | ညွှန်ကြားရေးမှူး<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာန<br>ဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာန<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်<br>ကွပ်ကဲရေးဦးစီးဌာန |
| (၂) | ဒေါ်စန်းစန်းအေး | ညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာန<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး<br>လုပ်ငန်း | ညွှန်ကြားရေးမှူး<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့်<br>ဘဏ္ဍာရေးဌာန<br>ဝန်ကြီးရုံး |

## အမိန့်ကြော်ငြာစာ (၀၃၀/၂၀၁၇)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနတို့မှ အောက်ဖော်ပြပါ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀- ၃၃၀,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာ) အရာထမ်း (၂) ဦးအား လစာနှုန်း (၃၄၀,၀၀၀- ၄,၀၀၀- ၃၆၀,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ရာထူးနေရာများသို့ အလုပ်စတင်ဝင်ရောက်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလျက် ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဌာနများသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်<br>လက်ရှိ ရာထူး/ဌာန | တာဝန်ချထားသည့်<br>ရာထူး/ဌာန |
|---|---|---|
| ၁ | ဒေါ်သွယ်သွယ်<br>ဒုတိယညွှန်ကြားရေးမှူး<br>စီးပွားရေးစီမံရေးဌာနခွဲ<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာန<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း |
| ၂ | ဒေါ်ချိုချိုထွေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ငွေစာရင်းဌာနခွဲ<br>ရေအားလျှပ်စစ်အကောင်အထည်<br>ဖော်ရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>ငွေစာရင်းဌာနခွဲ<br>ရေအားလျှပ်စစ်အကောင်အထည်<br>ဖော်ရေးဦးစီးဌာန |

## အမိန့်ကြော်ငြာစာ (၀၃၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) ၏ သဘောတူခွင့်ပြုချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ အင်ဂျင်နီယာမှူးကြီး (တူးဖော်ရေး) ဦးဘဆွေ အား တာဝန်ဝတ္တရားများကို စွန့်လွှတ်သည့်နေ့မှစ၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ စာပေနှင့်ဘာသာစကားဌာနခွဲသို့ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၃၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန၊ အပူစွမ်းအင်စီမံရေးဌာနခွဲမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမင်း အား ၎င်း၏ဆန္ဒအရ မည်သည့်အခွင့်အရေးမှ ခံစားခွင့်မယူဘဲ လုပ်ငန်းတာဝန်ဝတ္တရားများကို စွန့်လွှတ်သည့် နေ့ရက်မှစ၍ အလုပ်တာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၀၄၄/၂၀၁၇)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ရုံးချုပ်)၊ ဘဏ္ဍာရေးဌာနခွဲမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဦးခင်မောင်ဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (ခ) အရ နှစ်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၀၄၅/၂၀၁၇)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဒဂုံမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ (လက်ထောက်အထွေထွေမန်နေဂျာ-စီမံ) ဦးမင်းလွင် အား ၎င်း၏ဆန္ဒအရ မည်သည့်အခွင့်အရေးမှ ခံစားခွင့်မယူဘဲ လုပ်ငန်းတာဝန်ဝတ္တရားများကို စွန့်လွှတ်သည့် နေ့ရက်မှစ၍ အလုပ်တာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၀၄၆/၂၀၁၇)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာနမှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း၊ ဒုတိယ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးမြင့်မော် အား ၎င်း၏ဆန္ဒအရမည်သည့်အခွင့်အရေးမှ ခံစားခွင့်မယူဘဲ လုပ်ငန်းတာဝန်ဝတ္တရားများကို စွန့်လွှတ်သည့်နေ့ရက်မှစ၍ အလုပ်တာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

ဖေဇင်ထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာ (၆၈/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၆ ခုနှစ်၊ ဧပြီလ ၆ ရက်)

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ညွှန်မှူး/ပြောင်း)/၂၀၁၆ (၂၄၇၄) အရ ပြည်ထောင်စုဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ၊ ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားခဲ့သည့် ဒေါ်စုစုထွန်းသည် ၎င်း၏တာဝန်ဝတ္တရားများကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှ စတင်ထမ်းဆောင်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာ (၂၀၇/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ လှိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းကြည် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီး

ခွင့်ရက်များ ကုန်ဆုံးပြီးနောက် ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် (၂၃၃) (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ပင်စင်)/၂၀၁၆ (၉၀၁၀) ဖြင့်ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၁၈၉/၂၀၁၆) အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၆**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

**တိုင်းရင်းဆေးကောင်စီအား ပြန်လည်ဖွဲ့စည်းခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၆) ၏ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော တိုင်းရင်းဆေးကောင်စီကို ပြန်လည်ဖွဲ့စည်းလိုက်သည် -

(က) ဒေါက်တာဒေါ်ရီရီမြင့်　　ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းဆေးပညာဦးစီးဌာန

(ခ) ဒေါက်တာသိမ်းကျော်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)
တိုင်းရင်းဆေးပညာဦးစီးဌာန

(ဂ) ဦးကျော်သိန်းငွေ　　အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ်
တိုင်းရင်းဆေးတက္ကသိုလ်

(ဃ) ဦးမြင့်အောင်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ကုသရေး)
တိုင်းရင်းဆေးပညာဦးစီးဌာန

(င) ဒေါက်တာမြင့်မြင့်သန်း　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (သုတေသန)
တိုင်းရင်းဆေးပညာဦးစီးဌာန

(စ) ဦးသန်းထွန်း　　အဖွဲ့ဝင်
တိုင်းရင်းဆေးသမားတော်

(ဆ) ဦးဝင်းကို　　အဖွဲ့ဝင်
တိုင်းရင်းဆေးသမားတော်

(ဇ) ဦးသောင်းလွင် — အဖွဲ့ဝင်
တိုင်းရင်းဆေးသမားတော်

(ဈ) ဦးသိန်းဝင်း — အဖွဲ့ဝင်
တိုင်းရင်းဆေးသမားတော်

(ည) ဒေါ်တင်နု — အဖွဲ့ဝင်
တိုင်းရင်းဆေးသမားတော်

(ဋ) ဦးကျော်စိုး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ဆေးဝါး/ဥယျာဉ်)
တိုင်းရင်းဆေးပညာဦးစီးဌာန

၂။ တိုင်းရင်းဆေးကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်လျှောက်ထားချက်များကို စိစစ်၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ခ) တိုင်းရင်းဆေးဆရာအဖြစ် မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးများသတ်မှတ်ခြင်း၊

(ဂ) တိုင်းရင်းဆေးဆရာများ လိုက်နာရမည့် ကျင့်ဝတ်နှင့်စည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဃ) ကျင့်ဝတ်နှင့်စည်းကမ်းကို ဖောက်ဖျက်သော တိုင်းရင်းဆေးဆရာများအား အရေးယူခြင်း၊

(င) တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေး၊ သင်ကြားရေးများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သည့် အကြံပြုချက်များ တင်ပြခြင်း၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ တိုင်းရင်းရိုးရာဆေးပညာကို အသုံးပြု၍ ကုသသောဆေးဆရာများအား ဆေးကုသခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုချက်တင်ပြခြင်းနှင့် ထောက်ခံချက်ပေးခြင်း၊

(ဆ) တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်သော ကော်မတီများ၊ အဖွဲ့များကိုဖွဲ့စည်း၍ ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း။

၃။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်၊ (၇/၂၀၁၁) နှင့် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၁) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) မှ သဘောတူညီချက်အရ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင် (၅၅၀) ဆံ့ ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး (အငြိမ်းစား) ဒေါက်တာဦးကျော်စိုး အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် လစဉ်ထောက်ပံ့ငွေ (၂၅၀,၀၀၀/-) ဖြင့် တစ်နှစ်တာဝန်ပေးခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၆

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အခြေခံစည်းမျဉ်းများ အခန်း (၃)၊ အပိုဒ် ၅ အရ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၅) ဖြင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ အမှုဆောင်အဖွဲ့ကို (၂၁) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး သော်လည်း မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့တွင် လုပ်ငန်းတာဝန်များ များပြားကျယ်ဝန်းလာသည့်အတွက် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ပြည်သူ့ကျန်းမာရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ဆေးပညာသင်ကြားရေး တို့နှင့် ပတ်သက်ပြီး ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၄) ဦးတို့အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၆) ၏ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ အမှုဆောင် အဖွဲ့ဝင်များအဖြစ် ထပ်မံတိုးချဲ့ဖွဲ့စည်းလိုက်သည် -

(၁) ပါမောက္ခဒေါက်တာဦးမောင်မောင်ဝင့်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဆေးသိပ္ပံပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၂) ပါမောက္ခဒေါက်တာဦးအောင်ကြီး
ပါမောက္ခ/ဌာနမှူး (ငြိမ်း)
ဆေးပညာဌာန
ဆေးတက္ကသိုလ်(မန္တလေး)

(၃) ပါမောက္ခဒေါက်တာဦးမျိုးသက်ထွန်း
Team Leader (Rtd)
Global Leprosy Programme, WHO

(၄) ဒေါက်တာဦးကံထွန်း
WHO Country Representative (Nepal) (Rtd)

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆) ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟိုကောင်စီ) ဥက္ကဋ္ဌ ဒေါ်သဇင်နွယ် အစား ဒေါက်တာဒေါ်နုနုသာ (ဆမ-၅၇၂၈) ကို ပြင်ဆင်အစားထိုး ခန့်အပ်လိုက်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

အမှတ် ၁၀ ။ ။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁၄/၂၀၁၅) ၏ သဘောတူဆုံးဖြတ်ချက် အရ ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာခင်စောအေး (ဆမ-၉၈၃၂) အား ကုသရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ (အပူပိုင်းဆေးပညာ) လစာနှုန်း (၃၈၀,၀၀၀-

၄,၀၀ဝ-၄၀၀,၀၀ဝ) ရာထူးအင်အားဖြင့် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး ဆေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်စေလိုက်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

အမှတ် ၁၁ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ အဏုဇီဝဗေဒဌာနမှ အောက်ဖော်ပြပါ လက်ထောက်ကထိကများအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| **စဉ်** | **ဆမ** | **အမည်/ပညာ/ရာထူး/ဌာန/တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ ဌာန/တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၂၁၀၀၇ | ဒေါက်တာယုဇနထွန်း<br>M.Med.Sc(Micro),D.M.M<br>လက်ထောက်ကထိက<br>အဏုဇီဝဗေဒဌာန<br>ဆေးဝါးတက္ကသိုလ်(မန္တလေး)<br>လစာနှုန်း (၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ) | ကထိက<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ်(မန္တလေး)<br><br><br>လစာနှုန်း (၂၈၀,၀၀ဝ-၄,၀၀ဝ-၃၀၀,၀၀ဝ) |
| ၂။ | ၂၀၁၉၂ | ဒေါက်တာခင်သော်တာရှိန်<br>M.Med.Sc(Micro)<br>လက်ထောက်ကထိက<br>အဏုဇီဝဗေဒဌာန<br>သူနာပြုတက္ကသိုလ်(မန္တလေး)<br>လစာနှုန်း (၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ) | ကထိက<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ်(မန္တလေး)<br><br><br>လစာနှုန်း (၂၈၀,၀၀ဝ-၄,၀၀ဝ-၃၀၀,၀၀ဝ) |
| ၃။ | ၂၂၀၁၂ | ဒေါက်တာလှိုင်လှိုင်သော်<br>M.Med.Sc(Micro)<br>လက်ထောက်ကထိက<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ်(မကွေး)<br>လစာနှုန်း (၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ) | ကထိက<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ်(မကွေး)<br><br><br>လစာနှုန်း (၂၈၀,၀၀ဝ-၄,၀၀ဝ-၃၀၀,၀၀ဝ) |
| ၄။ | ၂၂၁၆၈ | ဒေါက်တာနော်ဇာအေး<br>M.Med.Sc(Micro)<br>လက်ထောက်ကထိက<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br>လစာနှုန်း (၂၅၀,၀၀ဝ-၄,၀၀ဝ-၂၇၀,၀၀ဝ) | ကထိက<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br><br><br>လစာနှုန်း (၂၈၀,၀၀ဝ-၄,၀၀ဝ-၃၀၀,၀၀ဝ) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ကထိကများသည် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၂ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ

ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ အောက်ဖော်ပြပါ လက်ထောက်ကထိကများအား အလုပ်တာဝန်များစတင် ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| **စဉ်** | **ဆမ** | **အမည်/ပညာ/ရာထူး/ဌာန/တက္ကသိုလ်** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန/တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၂၀၀၀၀ | ဒေါက်တာမျိုးမို့မို့<br>M.P.H<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ်(၁)ရန်ကုန်<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ်(၁)ရန်ကုန်<br>လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၂။ | ၂၂၈၉၇ | ဒေါက်တာထက်စန္ဒာကျော်<br>M.P.H<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ်(မကွေး)<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ်(မကွေး)<br>လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |
| ၃။ | ၂၂၃၈၈ | ဒေါက်တာနန်းဝတ်ရည်ထွန်း<br>M.P.H<br>လက်ထောက်ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ်(၁)ရန်ကုန်<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | ကထိက<br>ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာန<br>ဆေးတက္ကသိုလ်(၁)ရန်ကုန်<br>လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် ကထိကများသည် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၃ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (ဓာတ်မှန်) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားလိုက်သည် -

| **စဉ်** | **ဆမ** | **အမည်/ပညာ/ရာထူး/ဌာန/တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ဌာန/တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၀၄၂၉ | ဒေါက်တာသန်းသန်းနွယ်<br>D.M.R.D,M.Med.Sc(Radio)<br>အထူးကုဆရာဝန်ကြီး/<br>တွဲဖက်ပါမောက္ခ(ဓာတ်မှန်)<br>ပြည်သူ့ဆေးရုံကြီး၊မကွေးမြို့<br>လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ပါမောက္ခ/ဌာနမှူး<br>ဓာတ်မှန်ပညာဌာန<br>ဆေးတက္ကသိုလ်(မကွေး)<br>လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးသည် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၄ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ အရေပြားရောဂါပညာဌာနမှ အောက်ဖော်ပြပါကထိကအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **ဆမ** | **အမည်/ပညာ/ရာထူး/ဌာန/တက္ကသိုလ်** | **တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန/တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၅၅၅၄ | ဒေါက်တာဆွေဇင်ဝင်း<br>M.Med.Sc(Derm)<br>ကထိက<br>အရေပြားရောဂါပညာဌာန<br>ဆေးတက္ကသိုလ်(၁)ရန်ကုန်<br>လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | တွဲဖက်ပါမောက္ခ<br>အရေပြားရောဂါပညာဌာန<br>ဆေးတက္ကသိုလ်(၁)ရန်ကုန်<br><br><br>လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည့် တွဲဖက်ပါမောက္ခသည် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၅ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ကုသရေးဦးစီးဌာနမှ လွှဲပြောင်းပေးပို့သော အောက်ဖော်ပြပါ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (အရေပြား) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားလိုက်သည် -

| **စဉ်** | **ဆမ** | **အမည်/ပညာ/ရာထူး/ဌာန/တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ဌာန/တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၃၅၉၇ | ဒေါက်တာမြတ်စန္ဒာကျော်<br>Dip.Med.Sc(Derm),<br>M.Med.Sc(Derm)<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ<br>(အရေပြား)<br>အရေပြားရောဂါကုဌာန<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်မြို့<br>လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) | ပါမောက္ခ<br>အရေပြားရောဂါပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br><br><br><br><br>လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခသည် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၆ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ

ဥပဒေရေးရာဆေးပညာဌာနမှ အောက်ဖော်ပြပါကထိကများအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| **စဉ်** | **ဆမ** | **အမည်/ပညာ/ရာထူး/ဌာန/တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ဌာန/တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၆၉၉၄ | ဒေါက်တာချမ်းမြေ့သိန်း<br>M.Med.Sc(Med.Juris)<br>ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br>လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | တွဲဖက်ပါမောက္ခ<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်(မကွေး)<br><br><br>လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |
| ၂။ | ၁၈၁၇၃ | ဒေါက်တာနေမျိုးစစ်<br>M.Med.Sc(Med.Juris)<br>Dip.Med.Ed<br>ကထိက<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်(မန္တလေး)<br>လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) | တွဲဖက်ပါမောက္ခ<br>ဥပဒေရေးရာဆေးပညာဌာန<br>ဆေးတက္ကသိုလ်(မန္တလေး)<br><br><br><br>လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် တွဲဖက်ပါမောက္ခများသည် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၇ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ဓာတ်မှန်ပညာဌာနမှ အောက်ဖော်ပြပါလက်ထောက်ကထိကအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ရာထူးပြောင်းရွှေ့ခန့်ထားလိုက်သည် -

| **စဉ်** | **ဆမ** | **အမည်/ပညာ/ရာထူး/ဌာန/တက္ကသိုလ်** | **ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ဌာန/တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၉၉၈၉ | ဒေါက်တာခိုင်ခိုင်ဝင်း<br>M.Med.Sc(Radio)<br>လက်ထောက်ကထိက<br>ဓာတ်မှန်ပညာဌာန<br>ဆေးတက္ကသိုလ်(မကွေး)<br>(လစာနှုန်း-၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) | လက်ထောက်ကထိက<br>ဓာတ်မှန်ပညာဌာန<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br><br><br>(လစာနှုန်း-၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

မှတ်ချက်။ ရာထူးပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် လက်ထောက်ကထိကသည် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာန အကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၈ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ

ရောဂါဗေဒဌာနမှ အောက်ဖော်ပြပါ ပါမောက္ခအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| **စဉ်** | **ဆမ** | **အမည်/ပညာ/ရာထူး/ဌာန/တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး/ ဌာန/တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၂၂၄၇ | ဒေါက်တာစန်းစန်းလှိုင်<br>M.Med.Sc(Patho), Ph.D<br>Dip.Med.Ed<br>ပါမောက္ခ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ်(မန္တလေး)<br>လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) | ပါမောက္ခ/ဌာနမှူး<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ်(မကွေး)<br><br><br><br>လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးသည် ဆေးဘက်ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

အမှတ် ၁၉ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး (အထွေထွေစီမံခန့်ခွဲရေး) ဒေါက်တာဇော်မြင့် (ဆမ-၁၁၅၁၄) အား ကုသရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ (ဆေးဝါးနှင့်ကုထုံး) လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူးအင်အားဖြင့် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး ဆေးသုတေသနဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်စေလိုက်သည်။

အမှတ် ၂၀ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) ၏ သဘောတူညီချက်အရ ဆေးသုတေသနဦးစီးဌာန၊ ကွန်ပျူတာဌာနခွဲမှ သုတေသနအရာရှိ ဒေါ်နီလာခင် အား ယင်းဌာနခွဲတွင် လစ်လပ်လျက်ရှိသော သုတေသနမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးသို့ အလုပ်တာဝန် စတင်ထမ်းဆောင်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

အမှတ် ၂၁ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) များအား အမည်နှင့်ယှဉ်တွဲပါ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အဆင့် ရာထူး၊ ဌာနများသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **ဆမ** | **အမည်၊ ရာထူး၊ ဌာန** | **ရာထူးတိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊** |
|---|---|---|---|
| ၁။ | ၁၃၉၇၇ | ဒေါက်တာကြည်လွင်ဦး<br>M.B.B.S<br>MPH<br>ဒုတိယညွှန်ကြားရေးမှူး<br>လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>နေပြည်တော် | ညွှန်ကြားရေးမှူး<br>လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေး<br>ဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>နေပြည်တော် |

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ |
|---|---|---|---|
| ၂။ | ၁၃၀၁၄ | ဒေါက်တာစန္ဒာ<br>M.B.B.S<br>M.Med.Sc(PH)<br>မိခင်နှင့်ကလေးဆရာဝန်ကြီး<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့<br>[ဒုတိယညွှန်ကြားရေးမှူး (မိခင်ကျန်းမာရေး)<br>မိခင်ကျန်းမာရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေး<br>ဦးစီးဌာန၊ နေပြည်တော် ရာထူးအင်အားဖြင့်] | ညွှန်ကြားရေးမှူး<br>ကျောင်းကျန်းမာရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>နေပြည်တော် |
| ၃။ | ၁၄၄၅၆ | ဒေါက်တာထွန်းတင်<br>M.B.B.S<br>M.Med.Sc(PH)<br>ဒုတိယညွှန်ကြားရေးမှူး<br>ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>နေပြည်တော် | ညွှန်ကြားရေးမှူး<br>သဘာဝဘေးနှင့်ပြည်သူ့ကျန်းမာရေး<br>အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး<br>ဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>နေပြည်တော်<br>(တိုးချဲ့ကာကွယ်ဆေးထိုးဌာနစိတ်၏<br>တာဝန်ပူးတွဲ) |
| ၄။ | ၁၂၃၈၆ | ဒေါက်တာထင်လင်း<br>M.B.B.S<br>M.Sc(Community Nutrition)<br>ဒုတိယညွှန်ကြားရေးမှူး<br>အာဟာရဌာနခွဲ<br>(ဒုတိယညွှန်ကြားရေးမှူး<br>ဌာနတွင်းစစ်ဆေးရေးဌာနစိတ်<br>စီမံခန့်ခွဲရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန<br>ရာထူးအင်အားဖြင့်) | ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>လားရှိုးမြို့၊ ရှမ်းပြည်နယ် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ညွှန်ကြားရေးမှူးများသည် အမိန့်စာထွက်ပြီး (၂၀) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီးပြောင်းရွှေ့စေရန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံ လာရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၂၂ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး/တိုင်းတီဘီရောဂါအထူးကုဆရာဝန်ကြီး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) များအား အမည်နှင့်ယှဉ်တွဲပါ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အဆင့် ရာထူး၊ ဌာနများသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ |
|---|---|---|---|
| ၁။ | ၁၀၁၆၉ | ဒေါက်တာကျော်စိုး<br>M.B.B.S<br>M.Med.Sc(PH)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး<br>(ခရိုင်ကုသရေးဦးစီးဌာနမှူး<br>ခရိုင်ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊<br>မန္တလေးတိုင်းဒေသကြီး ရာထူးအင်အားဖြင့်) |

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ |
|---|---|---|---|
| ၂။ | ၁၂၅၇၃ | ဒေါက်တာဝင်းနိုင်<br>M.B.B.S<br>MPH<br>Dip.Med.Sc(TB&Chest)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မော်လမြိုင်မြို့၊ မွန်ပြည်နယ် | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မော်လမြိုင်မြို့၊ မွန်ပြည်နယ်<br>(ခရိုင်ကုသရေးဦးစီးဌာနမှူး<br>ခရိုင်ကုသရေးဦးစီးဌာန၊ မော်လမြိုင်မြို့၊<br>မွန်ပြည်နယ် ရာထူးအင်အားဖြင့်) |
| ၃။ | ၁၀၈၅၃ | ဒေါက်တာခင်မောင်ရင်<br>M.B.B.S<br>Dip.Med.Sc(DD&STD)<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>တောင်ကြီးမြို့၊ ရှမ်းပြည်နယ် | ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>လွိုင်ကော်မြို့၊ ကယားပြည်နယ် |
| ၄။ | ၁၁၂၄၂ | ဒေါက်တာစောသိန်း<br>M.B.B.S<br>M.Med.Sc(PH)<br>Dip.Med.Sc(TB&Chest)<br>တိုင်းတီဘီရောဂါအထူးကုဆရာဝန်ကြီး<br>တီဘီရောဂါတိုက်ဖျက်ရေးဌာန<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | တိုင်းတီဘီရောဂါအထူးကုဆရာဝန်ကြီး<br>တီဘီရောဂါတိုက်ဖျက်ရေးဌာန<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး<br>[ဒု-တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး<br>(စီမံ/ဘဏ္ဍာ)၊ ကုသရေးဦးစီးဌာန၊<br>မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး<br>ရာထူးအင်အားဖြင့်] |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများသည် အမိန့်စာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံ လာရောက်တွေ့ဆုံရန်ဖြစ်သည်။

အမှတ် ၂၃ ။ ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဆင့် ရာထူး၊ ဌာနသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ |
|---|---|---|---|
